# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ အင်္ဂါနေ့ အတွဲ (၆၂)၊ အမှတ်(၃၂၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မြောင်းမြမြို့၌ ကျင်းပသည့် ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနား တက်ရောက်

မြောင်းမြ ဩဂုတ် ၂၈

ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောဒန်နီရယ်၊

စာမျက်နှာ ၃ ကော်လံ ၁ ❐



ကရင်တိုင်းရင်းသားမောင်မယ်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များအား ချည်ဖြူဖွဲ့ပေးကြစဉ်။

# နေပြည်တော်၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေး



နေပြည်တော် ဩဂုတ် ၂၈

ကျန်းမာရေး ဝန်ကြီးဌာန ကုသရေးဦးစီးဌာနသည် မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ အထူးကု ဆရာဝန်ကြီးများက ဂျပန်နိုင်ငံ Japan Heart အဖွဲ့မှ ခွဲစိတ်အထူးကု သွားဆရာဝန်ကြီး Dr.Naoko KISHI နှင့် ပူးပေါင်း၍ ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်အထိ နေပြည်တော် သွားနှင့် ခံတွင်းအထူးကုဆေးရုံတွင် Joint Operation အနေဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေး လူနာများအား

စာမျက်နှာ ၃ ကော်လံ ၁ ❖


ယနေ့ မာ တိ ကာ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမျော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကား၊ သဒ္ဓါတရားထက်သန်စွာ အလှူငွေများလှူဒါန်း — ပြည်တွင်းသတင်း — စာ ၈

............................

တစ်ဦးတစ်ယောက်မှ မကျန်ရစ်ခဲ့စေရေးအခြေခံမှုနှင့် ၂၀၃၀ အာဂျင်ဒါ — ဆောင်းပါး — စာ ၁၀

............................

ရွှေဘိုခရိုင်အတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများနှင့် စီးထွက်မှု — စီးပွားရေးသတင်းများ — စာ ၁၂

မြန်မာ့အလင်း

# အမျိုးသမီးငယ်ရွယ်များအတွက် ရိုက်ခွဲခံလိုက်ရသည့် ထမင်းအိုး

ကမ္ဘာကျော်အမှတ်တံဆိပ်တစ်ခုဖြစ်သော H & M Group က မြန်မာနိုင်ငံမှ ချုပ်ထည်အမှာစာပစ္စည်းများ ဝယ်ယူခြင်းကို တစ်ဆင့်ချင်းရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းနှင့်စပ်လျဉ်း၍ အဆိုပါဆုံးဖြတ်ချက်သည် စိန်ခေါ်မှုရှိသော စီးပွားရေးအခြေအနေများကြားတွင် အလုပ်ထုတ်ခံရနိုင်ခြေ မြင့်မားခြင်း အပါအဝင် စက်ရုံများရှိ ဝန်ထမ်းများ၏ အသက်မွေးဝမ်းကျောင်းကို များစွာထိခိုက်စေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏ ဩဂုတ် ၂၅ ရက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားပြီး အပြည်ပြည်ဆိုင်ရာ ကုန်အမှတ်တံဆိပ်များအနေဖြင့် မြန်မာနိုင်ငံတွင် တာဝန်ရှိစွာ ဆက်လက်တည်ရှိနေခြင်းသည် အကောင်းဆုံးသော နည်းလမ်းဖြစ်မည်ဟု MGMA က အခိုင်အမာယုံကြည်ကြောင်းလည်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းပေါင်း ၇၀၀ ကျော်ရှိကြောင်း သိရပြီး အထည်ချုပ်လုပ်ငန်းရှင်အသင်းဝင် စက်ရုံပေါင်း ၆၀၀ ကျော်ရှိသည်။ အထည်ချုပ်လုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရှာဖွေပေးနိုင်သော လုပ်အားအခြေပြုလုပ်ငန်းများဖြစ်သည့်အလျောက် ယင်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်အသက်မွေးနေကြရသူ အလုပ်သမား ငါးသိန်းခန့်ရှိပြီး အများစုမှာ အနယ်နယ်အရပ်ရပ်မှ ဇာတိကိုစွန့်ခွာ၍ လာရောက်လုပ်ကိုင်နေသူ အမျိုးသမီးများက အများစုဖြစ်သည်။ ၎င်းတို့၏နောက်တွင်လည်း မှီခိုသူ မိသားစုဝင်များရှိနေသေးသည်။ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် ရရှိငွေများအနက် အထည်ချုပ်လုပ်ငန်းမှ ရရှိငွေသည် ၁၀ ရာခိုင်နှုန်းအထိရှိပြီး အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ၍ နှစ်စဉ်ရှာဖွေပေးနေသည့် လုပ်ငန်းများဖြစ်သည့်အလျောက် အထည်ချုပ်လုပ်ငန်းများသည် အစိုးရကို ဖိအားပေးရန်အတွက် ထိပါးခံရတတ်သည့် လုပ်ငန်းများလည်း ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါ မြန်မာနိုင်ငံသို့ ဝင်ရောက်လာခြင်းနှင့် ပြည်ပမှ အမှာစာများ လျော့နည်းကျဆင်းသွားခြင်းအကြောင်းများကြောင့် စက်ရုံအချို့ ပိတ်သိမ်းခဲ့ရပြီး သောင်းနှင့်ချီသော အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရသည်။ ကပ်ရောဂါကာလအတွင်း ကြံ့ကြံ့ခံကာ ဆက်လက်လည်ပတ်ခဲ့သော စက်ရုံများမှာလည်း ရှင်သန်နိုင်ရေးအတွက် ရုန်းကန်ခဲ့ကြရပြီး ပုံမှန်အားဖြင့် နှစ်နှစ်တစ်ကြိမ် အလုပ်သမားများ၏ လုပ်ခလစာ ပြန်လည်သုံးသပ်ရန်ကိုပင် အမှာစာလျော့နည်းမှုနှင့် ဝင်ငွေကျဆင်းမှုတို့ကြောင့် အလုပ်သမားသမဂ္ဂများနှင့် ညှိနှိုင်း၍ ရွှေ့ဆိုင်းခဲ့ကြရသည်။ ကပ်ရောဂါကြောင့်၊ နိုင်ငံရေးကြောင့် စသည်ဖြင့် မည်သည့်အကြောင်းကြောင့်ဖြစ်စေ နိုင်ငံခြားမှ အမှာစာများ လျှော့ချဖြတ်တောက်ခြင်း၊ စီးပွားရေးပိတ်ဆို့တားဆီးခြင်းများကို ဦးစွာတိုက်ရိုက်ခံစားကြရသူများမှာ အမျိုးသမီးငယ်ရွယ်အများစုပါဝင်သည့် အထည်ချုပ်အလုပ်သမားများပင်ဖြစ်သည်။ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးဟူသော အကြောင်းပြချက်များဖြင့် လုပ်အားအခြေပြုလုပ်ငန်းများအပေါ် ပြုမူသည့် ဆောင်ရွက်ချက်များကြောင့် အထည်ချုပ်အမျိုးသမီးအလုပ်သမားများနှင့် မှီခိုသူမိသားစုများ၏ နေ့စဉ်စားဝတ်နေရေးနှင့် လူမှုဘဝများအပေါ် ကျရောက်လာမည့် အခက်အခဲ၊ အကျပ်အတည်းပြဿနာတို့မှာ ကျိုးကြောင်းမဆီလျော်သည့် အပြုအမူကြောင့် ဖြစ်ပေါ်လာသည့် ရလဒ်များပင်ဖြစ်သည်။ တစ်နည်းအားဖြင့် လူ့အခွင့်အရေးကာကွယ်သူများ၊ အလုပ်သမားအခွင့်အရေးဆောင်ရွက်သူများဟု အမည်ခံထားသူများက မြန်မာအမျိုးသမီးအထည်ချုပ်လုပ်သားများနှင့် မိသားစုများ၏ ထမင်းအိုးကို ရိုက်ခွဲခြင်းဖြစ်သည်။

"MGMA သည် သိန်းပေါင်းများစွာသော ငယ်ရွယ်သည့် အမျိုးသမီးအလုပ်သမားများ၏ ဘဝအခြေအနေ တိုးတက်မှုနှင့်စပ်လျဉ်း၍ ဂုဏ်သိက္ခာရှိသော အသက်မွေးဝမ်းကျောင်းပညာများဖြင့် ပံ့ပိုးပေးလျက်ရှိရာ ဤအရေးပါသော အခန်းကဏ္ဍကို ဖွံ့ဖြိုးတိုးတက်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ တာဝန်ယူမှုဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေမှုသည် လက်ရှိအလုပ်အကိုင်အခြေအနေများ ပိုမိုကောင်းမွန်လာစေရန် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။" ဟု MGMA ၏ ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားရာ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်အတူ များစွာ အပြုသဘောဆောင်လျက်ရှိရာ အသင်း၏မြင့်မားသည့် အခန်းကဏ္ဍနှင့်အတူ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများလည်း ပိုမိုတိုးတက်အောင်မြင်နိုင်ပါစေကြောင်း။ ။

# ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်း၊ အမှတ်စဉ် - ၄၂ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၂၈

မြန်မာနိုင်ငံ စာရင်းကောင်စီမှ ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့သည့် ဒီပလိုမာစာရင်းကိုင် (Diploma in Accountancy – DA) (ပထမပိုင်း) သင်တန်း၊ အမှတ်စဉ် – ၄၂ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်း ဆင်းပွဲသို့ ပြည်ထောင်စု စာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယဥက္ကဋ္ဌ ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိသူများ၊ သင်တန်း ကထိကများနှင့် သင်တန်းသားများက ရန်ကုန်မြို့ရှိ အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း နဝဒေးခန်းမမှ အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က ဒီပလိုမာစာရင်းကိုင် သင်တန်းသည် စာရင်းကိုင်နှင့် စာရင်းစစ်ပညာရပ်ဆိုင်ရာ အခြေခံကောင်းများကို ရရှိစေပြီး စာရင်းပညာရှင်အဆင့်သို့ တက်လှမ်းနိုင်မည့် အရေးပါသော သင်တန်းတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် စာရင်းပညာသည် အတတ်ပညာဆိုင်ရာ ပညာရပ်တစ်ခုလည်း ဖြစ်သဖြင့် သင်ယူလေ့လာခဲ့ရသည့် ဘာသာရပ်များ၏ အရေးပါမှုကို သိရှိနားလည်တန်ဖိုးထားပြီး ဆက်လက် လေ့လာသင်ယူကြရန်လိုအပ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ကျင့်ဝတ်သိက္ခာများနှင့်အညီ နိုင်ငံတော်၏ လိုအပ်ချက်များကို မိမိတို့ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်သည့် အရည်အချင်းပြည့်ဝသော စာရင်းကျွမ်းကျင်သူများ ဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ၁၀ လကြာ ဖွင့်လှစ်ခဲ့ပြီး နေပြည်တော် သင်တန်းကျောင်းတွင် သင်တန်းသား ၂၀၀ နှင့် ရန်ကုန်သင်တန်းကျောင်းတွင်သင်တန်းသား ၁၁၈ ဦး စုစုပေါင်း ၃၁၈ ဦး တက်ရောက်ပြီးမြောက်ခဲ့ကြောင်း၊ လာမည့် အောက်တိုဘာလတွင် အရည်အချင်းစစ်စာမေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဩဂုတ် ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှားင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံ ပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင် သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ် (၄/၂၀၂၃) ကျောင်းအခြေပြုသင်တန်းအား ၄-၉-၂၀၂၃ ရက်နေ့မှ ၁၃-၁၀-၂၀၂၃ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း-၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈) ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှားင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှားင်မြို့၊
  ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊
  ထားဝယ်မြို့တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

❒ *ရှေ့ဖုံးမှ*

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖားစည် ၉ ချက်တီး၍ ဖွင့်လှစ်ပေးပြီး အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင်၊ ဗဟိုအကြံပေးအဖွဲ့ဝင်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က အခမ်းအနားကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ မန်းသိန်းကျော်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ကရင်တိုင်းရင်းသားရိုးရာ ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ကရင်တိုင်းရင်းသားမောင်မယ်များက ချည်ဖြူဖွဲ့ပစ္စည်းများ သယ်ဆောင်နေရာချထားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များအား ချည်ဖြူဖွဲ့ပေးကြသည်။

ချည်ဖြူဖွဲ့မင်္ဂလာကျင်းပနေချိန်အတွင်း ကရင်တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေပြီး ကရင်အမျိုးသားသီချင်းကို သီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**



# မန္တလေးနည်းပညာတက္ကသိုလ်နှင့် ကူမင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုမိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ မန္တလေးနည်းပညာတက္ကသိုလ်(MTU)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ် (KUST) တို့အကြား ပူးပေါင်းဆောင်ရွက်ရန် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ (၂၀၂၀) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အလားအလာနှင့် အခွင့်အလမ်းများ မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Director ဖြစ်သူ Mr. Zhang Zhonghua နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇေယျာထွန်းတို့က အမှာစကားပြောကြားသည်။



အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ပါမောက္ခချုပ်များ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇေယျာထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Director ဖြစ်သူ Mr. Zhang Zhonghua၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် နည်းပညာတက္ကသိုလ်များမှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အဆိုပါ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ(၂၀၂၀)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မန္တလေးနည်းပညာ တက္ကသိုလ်အနေဖြင့် "မဲခေါင်-လန်ချန်းဒေသအတွင်း တက္ကသိုလ်များအကြား သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်း" စီမံကိန်းအား မန္တလေး နည်းပညာတက္ကသိုလ်(MTU)နှင့် ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ် (KUST) တို့အကြား သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ မဲခေါင်အသိုက်အဝန်းအတွင်း တစ်သက်တာ သင်ယူလေ့လာမှု အားကောင်းစေရေး၊ သုတေသနနှင့် ကုန်ထုတ်လုပ်ငန်း ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို ဦးဆောင်ပေးရန် ရည်ရွယ်ခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများအကြား မိတ်ဖက်ဖြစ်မှုနှင့် ဆက်သွယ်မှုကွန်ယက်တို့ တည်ထောင်ထားရန်၊ နှစ်နိုင်ငံ သိပ္ပံနှင့် နည်းပညာဆိုင်ရာ သင်ကြားသင်ယူမှု အတွေ့အကြုံများ ပံ့ပိုးပေးရန်၊ ပူးပေါင်းသုတေသန ဆောင်ရွက်မှုများအား ဖွင့်လှစ်ပေးရန်နှင့် ကျောင်းသား ကျောင်းသူများ၏ ကမ္ဘာလုံးဆိုင်ရာ အကြောင်းအရာများအပေါ် စိတ်ပါဝင်စားမှုများကို မြှင့်တင်ပေးရန်စသော အချက်များအား အကောင်အထည်ဖော်ပြီး အနာဂတ် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးနိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ခွဲစိတ်ကုသခြင်းနှင့် လက်တွေ့သင်ကြားပို့ချမှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ကိုးဦးကို ခွဲစိတ်ကုသပေးခဲ့ပြီး သွားနှင့် ခံတွင်း ဆရာဝန်များအား စာတွေ့လက်တွေ့ သင်ကြားပေးခဲ့သည်။ ထို့ပြင် ၎င်းတို့တာဝန်ကျရာ ပြည်သူ့ဆေးရုံကြီးများတွင် အလားတူ ခွဲစိတ်ကုသမှုများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနရှိ ပြည်သူ့ဆေးရုံကြီးများတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ခွဲစိတ်ကုသပေးလျက်ရှိရာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် လူနာ ၂၂ ဦး၊ နေပြည်တော် သွားနှင့်ခံတွင်း အထူးကုဆေးရုံတွင် လူနာ ၇၂ ဦးတို့ကို ခွဲစိတ်ပေးခဲ့သည်။ ထို့ပြင် ၂၀၂၃ ခုနှစ်အတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ နှုတ်ခမ်းကွဲလူနာ ၆၃ ဦးနှင့် အာခေါင်ကွဲလူနာ ၃၈ ဦးကို လည်းကောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီလမှ ဩဂုတ်လအထိ နှုတ်ခမ်းကွဲ လူနာ ၉ ဦးနှင့် အာခေါင်ကွဲလူနာ ၄ ဦးကိုလည်းကောင်း၊ မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီလမှ ဩဂုတ်လအထိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၈၂ ဦးကို ခွဲစိတ်ပေးခဲ့ကြောင်းနှင့် မကြာမီ လွိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့ ပြည်သူ့ဆေးရုံကြီးနှင့် မြိတ်မြို့ ပြည်သူ့ဆေးရုံကြီးတို့တွင် ခွဲစိတ်ကုသမှုဆောင်ရွက်ရန် တိုးချဲ့စီစဉ်လျက်ရှိသဖြင့် ခွဲစိတ်ကုသမှု ဆောင်ရွက်လိုသူများအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့အပြင် အထက်ဖော်ပြပါ ပြည်သူ့ဆေးရုံကြီးများရှိ သွားနှင့်ခံတွင်း ပြင်ပလူနာဌာနများသို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကသာပညာရေးဒီဂရီကောလိပ်၌ စာပေဟောပြောပွဲ ကျင်းပ

**ကသာ ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ လူငယ်လူရွယ်များကို နှလုံးသားအာဟာရ ဖွံ့ဖြိုးတိုးတက်စေရန်နှင့်အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ စာပေဟောပြောပွဲကို ယနေ့ နံနက် ၉နာရီကကသာပညာရေးဒီဂရီကောလိပ် ကျောင်းဘက်စုံသုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ ဟောပြောပွဲတွင် ကသာပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းစိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ကသာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက "လူငယ်နှင့် စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကသာမြို့နယ် စာရေးဆရာအသင်းအဖွဲ့ဝင် ဆရာဦးသန်းဦး (ကြယ်ပြောင်ကသာ) က "လူငယ်နှင့်စာရိတ္တ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကသာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာဦးဘမောင် (ကိုဘကသာ)က "စောင့်ထိန်းစို့လေ ပြည်ထောင်စုအမွေ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

ထို့နောက် ကသာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က "ရေကန်တောင်တော် သမိုင်းစာအုပ်နှင့် ကမ်းသာမြေက ဖိတ်ခေါ်သံ" စာအုပ်များအား ကသာပညာရေးဒီဂရီကောလိပ်သို့ လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူကြောင်း သိရသည်။

**ကျော်စွာထွန်း(ကသာ)**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သုတေသနစာတမ်းများဖတ်ပွဲကျင်းပ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ (၄) စာအုပ် ထုတ်ဝေ

**နေပြည်တော် ဩဂုတ် ၂၈**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ (၁၅)ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ဩဂုတ် ၂၄ ရက်က နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။ (ယာပုံ)



**မေးမြန်းဆွေးနွေး**

သုတေသနစာတမ်းဖတ်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်နမ့်ယဉ်ယဉ်နွယ်က "ထိုင်းဘုရင့်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း" သုတေသနစာတမ်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်လဲ့လဲ့ခိုင်နှင့် ရုံးအုပ် ဒေါ်ဂျူနိုကိုလေးတို့က "ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားလွှတ်တော်ချုပ်၏ စာချွန်တော်လျှောက်ထားမှု အမှတ်-၁၃၆၀၄/၂၀၁၈ အား လေ့လာတင်ပြခြင်း" စာတမ်းတို့ကို ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးရှိ ဝန်ထမ်းများသည် အခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိရောက်မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာပေါ်ရှိ နိုင်ငံများက ကျင့်သုံးသည့် အမျိုးမျိုးသောဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အားသာချက်၊ အားနည်းချက်များကို သိရှိနိုင်ရန် ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေများ၊ AACC အဖွဲ့ဝင်နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများက ဆုံးဖြတ်ခဲ့သည့် ထင်ရှားထူးခြားသည့် အမှုများအကြောင်းကို သုတေသနပြုလေ့လာလျက်ရှိသည်။


**ပုံနှိပ်ထုတ်ဝေလျက်ရှိ**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးမှ သုတေသနပြုလေ့လာတွေ့ရှိချက်များကို အများပြည်သူများ ဖတ်ရှုလေ့လာနိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဂျာနယ်များ၊ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန်များ၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ ဝေါဟာရအဘိဓာန် စသည်ဖြင့် စာအုပ်များကို ပုံနှိပ်ထုတ်ဝေလျက်ရှိသည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ စာအုပ်အတွဲ(၁)တွင် နိုင်ငံပေါင်း ၉ နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများအကြောင်းကိုလည်းကောင်း၊ အတွဲ(၂)တွင် နိုင်ငံပေါင်း ၁၁ နိုင်ငံ၊ အတွဲ(၃)တွင် နိုင်ငံပေါင်း ၉ နိုင်ငံ တို့ဖြင့် စုစုပေါင်း နိုင်ငံ ၂၉ နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများအကြောင်းကို ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။

**စာအုပ်ကောင်းတစ်အုပ်ဖြစ်**

ယခုအခါ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ အတွဲ(၄) စာအုပ်ကို ထပ်မံထုတ်ဝေခဲ့ပြီး စာအုပ်တွင် မြန်မာနိုင်ငံအပါအဝင် ဆူဒန်သမ္မတနိုင်ငံ၊ ကင်မရွန်းသမ္မတနိုင်ငံ၊ မြောက်မက်ဆီဒိုးနီးယားသမ္မတနိုင်ငံ၊ ဇင်ဘာဘွေသမ္မတနိုင်ငံ၊ ဒိုမီနီကန်သမ္မတနိုင်ငံ၊ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်သမ္မတနိုင်ငံ၊ လစ်သူယေးနီးယားသမ္မတနိုင်ငံနှင့် ဆလိုဗက်ကီးယားသမ္မတနိုင်ငံ စသည်ဖြင့် နိုင်ငံ ၁၀ နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများအကြောင်းကို ဖော်ပြထားရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးစနစ်များနှင့် သက်ဆိုင်သည့် အသိပညာဗဟုသုတများ ရရှိနိုင်သဖြင့် လေ့လာဖတ်ရှုသူများအတွက် အကျိုးများစွာဖြစ်ထွန်းစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။




နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးက ပြုစုထုတ်ဝေသော အဆိုပါစာအုပ်ကို ဝယ်ယူလိုပါက စာအုပ်တန်ဖိုး ငွေကျပ် ၆၅၀၀ ဖြင့် လုပ်ထုံးနှင့် သုတေသနဌာန၊ တယ်လီဖုန်း အမှတ် ၀၆၇-၃၄၃၀၂၄၃၊ ၀၆၇-၃၄၃၀၂၆၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ တရုတ်-အာဆီယံစင်တာ၏ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၈**

၂၀၂၃ ခုနှစ် တရုတ်-အာဆီယံ ပညာရေး ပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ် အခမ်းအနားသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့ကျိုးပြည်နယ် ကွေ့ရမ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် Howard Johnson Hotel တတိယထပ်ရှိ ဧည့်ခန်းမ၌ တရုတ်-အာဆီယံစင်တာ၏ အထွေထွေ အတွင်းရေးမှူးချုပ် H.E. Mr. Shi Zhongjun ပါဝင်သည့်အဖွဲ့နှင့် တွေ့ဆုံသည်။ (ဝဲပုံ)



ထိုသို့တွေ့ဆုံရာတွင် တရုတ်-အာဆီယံစင်တာ၏ အထွေထွေ အတွင်းရေးမှူးချုပ် H.E. Mr. Shi Zhongjun နှင့်အဖွဲ့ ဇူလိုင်လအတွင်း မြန်မာနိုင်ငံသို့ လာရောက်စဉ် ပညာရေးဝန်ကြီးဌာနနှင့် တွေ့ဆုံ ဆွေးနွေးခဲ့မှုများကို အကောင်အထည်ဖော်ရန် ကိစ္စရပ်များနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်လိုသည့် အစီအစဉ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကွေ့ကျိုးပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးနှင့် အုပ်ချုပ်ရေးမှူး H.E. Mr.Li Bingjun၊ အာဆီယံနိုင်ငံများမှ ပညာရေးဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ ကွေ့ကျိုးပြည်နယ်ဆိုင်ရာအာဆီယံနိုင်ငံများမှ ကောင်စစ်ဝန်ချုပ်များ၊ ကွေ့ကျိုးပြည်နယ် ပြည်သူ့အစိုးရမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို အဆိုပါဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး တက်ရောက်၍ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပညာရေးပူးပေါင်းဆောင်ရွက်နေမှုများကို မိတ်ဆက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆ နာရီတွင် တရုတ်-အာဆီယံ ပညာရေး ပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနားကျင်းပမည့် Howard Johnson Hotel ရှိ Colourful Guizhou Ballroom ၌ ကျင်းပပြုလုပ်သည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

## သာစည်မြို့နယ် ယင်းမာပင်အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်ဖွင့်

**သာစည် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ရွှေပြည်စိုး ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်၊ တာဝန်ခံမြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်၊ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်စိုး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းဗိုလ်နှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးညွှန့်ရွှေတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ယာပုံ)



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ခံမြို့နယ်ပညာရေးမှူးက ပညာရေးနှင့် ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါကျောင်းဆောင်သစ်ကို ၂၀၂၂-၂၀၂၃ နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အလျား ပေ ၁၄၀၊ အနံ ပေ ၃၀ RCC နှစ်ထပ် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမနှင့် မွန်းလွဲပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတို့၌ ကျင်းပသည်။**



အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ဦးဝင်းဖေ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်ကြသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးအောင်လွင်ဦးနှင့်ဦးကိုကိုလွင်၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများသို့ ကျန်းမာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၂၅၈ ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၈၄ ဦး တက်ရောက်ပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးကြသည်။

Myanmar Electronic Voting Machine(MEVM) စက်ကို အသုံးပြုဆောင်ရွက်ခြင်းဖြင့် မဲပေးခြင်း လုပ်ငန်းစဉ်များကို လျင်မြန်စေမည်ဖြစ်ပြီး မဲရလဒ်များကို အချိန်တိုအတွင်း ရေတွက်နိုင်မည်ဖြစ်သည်။

စက်အသုံးပြုရန် လျှပ်စစ်မီးမလိုအပ်ဘဲ 12 V 7.0 Ah ဘက်ထရီနှစ်လုံးကိုသာ ထည့်သွင်းအသုံးပြုရခြင်းဖြစ်ပြီး ဝန်ကြီးဌာနများ၌ လက်ရှိဆောင်ရွက်လျက်ရှိသော ရှင်းလင်းဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများတွင် အသုံးပြုလျက်ရှိသော MEVM စက်အတွင်း ထည့်သွင်းအသုံးပြုထားသည့် ဘက်ထရီသည် အားအပြည့်ဖြည့်သွင်းထားပါက ရက်သတ္တတစ်ပတ်အတွင်း ဝန်ကြီးဌာန ၁၀ ခုမှ အရာထမ်း/အမှုထမ်းပေါင်း ၂၂၁၅ ဦး စမ်းသပ်မဲပေးပြီးသော်လည်း ဆက်လက်အသုံးပြုနိုင်သေးကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အားကုန်ခဲ့ပါကလည်း အရန်ဘက်ထရီဖြင့် အလွယ်တကူလဲလှယ်အသုံးပြုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့သမိုင်းစဉ် ဆွေးနွေးပွဲရလဒ်များအား သက်ဆိုင်ရာကဏ္ဍအလိုက် စိစစ်၊ သုံးသပ်ညှိနှိုင်း အတည်ပြုနိုင်ရေးအတွက် "ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက် ဆွေးနွေးပွဲ" ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

ပျူခေတ်ဆိုင်ရာ အထောက်အထား အချက်အလက် ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိအမျိုးသားပြတိုက် (ရန်ကုန်) ၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ့ တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**



ဆွေးနွေးပွဲသို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး (ငြိမ်း) ဒေါ်စန္ဒာခင်၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာတိုးလှနှင့် မြန်မာသမိုင်းအဖွဲ့ဝင် ပညာရှင်ကြီးများ၊ ပညာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ပညာရှင်ကြီးများနှင့် ပါမောက္ခများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် အရာရှိကြီးများ၊ အကြံပေးပညာရှင်များ၊ ပျူခေတ်သုတေသန တူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိကြီးများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြင်ပပညာရှင်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါ်နုမြဲ့က ယနေ့ ဆွေးနွေးကြမည့် စာတမ်းသည် မြန်မာနိုင်ငံ၏ ရှေးဦးမြို့ပြတည်ပုံစံကို တည်ထောင်ခဲ့သည့် ပျူယဉ်ကျေးမှုခေတ် အခန်းကဏ္ဍကို ပုံဖော်ရေးသားထားသည့် အထောက်အထားများအကြောင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ပြီးဖြစ်သည့် ဟန်လင်း၊ ဗိသနိုး၊ သရေခေတ္တရာ ပျူရှေးမြို့ဟောင်းများသာမက အခြားပျူမြို့ဟောင်းများဖြစ်သည့် ပင်လယ် (မိုင်းမော)မြို့ဟောင်း၊ ကျိုင်းဟုန်မိုင်းမောမြို့ဟောင်း၊ တကောင်းမြို့ဟောင်း၊ ပေါရိသတ်မြို့ဟောင်း (သို့) ကောသမ္ဘီမြို့ဟောင်း၊ ဝတီးမြို့ဟောင်း စသည်ဖြင့် ထည့်သွင်းဖော်ပြထားပါကြောင်း၊ အဆိုပါ ပျူမြို့ဟောင်းများ နှင့်အတူ ဆက်နွှယ်နေသည့် ရှေးဦးမြို့ပြ တည်ဆောက်မှုပုံစံ၊ အဆောက်အဦ တည်ဆောက်မှု ဗိသုကာလက်ရာများ၊ ပျူခေတ်ကာလ၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီးပွားရေးနှင့် ဝတ်စားဆင်ယင်မှုများ၊ ရေကိုလိုသလို ဖန်တီးအသုံးချမှုနှင့် ရေစီမံခန့်ခွဲမှုများ၊ ကိုးကွယ်ယုံကြည်မှုနှင့် ဓလေ့ထုံးစံများ၊ လက်မှုလုပ်ငန်းများ၊ ကျောက်ဆစ်လက်ရာများ၊ ပျူဂီတနှင့် တူရိယာများ၊ စာပေအထောက်အထားများ စသည်ဖြင့် သုတေသနပြု တွေ့ရှိထားသည့် အထောက်အထား အချက်အလက်များကို ဖြည့်စွက်၍ ထည့်သွင်းရေးသား ဖော်ပြထားသည့် စာတမ်းမူကြမ်းကို တက်ရောက်လာကြသည့် ပညာရှင်များက အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ကိုယ်စားလှယ်က ယနေ့ ဆွေးနွေးပွဲသို့ စစ်ဘက်လက်ထောက်အရာရှိက ပေးပို့လာသော ဆန္ဒပြုတိုက်တွန်းစာ အမှာစကားကို ဖတ်ကြားသည်။

ဆက်လက်၍ ပျူခေတ်သုတေသန တူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပညာရှင်များနှင့် ဝန်ထမ်းများက ပျူခေတ်ဆိုင်ရာ အထောက်အထား အချက်အလက်များ မူကြမ်းရေးသားထားမှုကို ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ပညာရှင်များနှင့် ပြင်ပပညာရှင်များ၊ လေ့လာသူများက ဖြည့်စွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(အဝေးပြေး) ပညာရည်ချွန်ဆုနှင့် ပညာသင်စရိတ်ထောက်ပံ့

**ပျဉ်းမနား ဩဂုတ် ၂၈**

နေပြည်တော် ပျဉ်းမနားမြို့နယ်၌ နေပြည်တော် မထသ(အဝေးပြေး) ရုံးချုပ်၊ နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)၏ ကွပ်ကဲမှုအောက်ရှိ မော်တော်ယာဉ်အသင်းများမှ ဝန်ထမ်းများနှင့် သားသမီးများ၊ ဝန်ထမ်းများနှင့် သားသမီးများထဲမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ကြသူများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်နှင့် အခြေခံပညာကျောင်းအသီးသီး၌ တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ဒသမအကြိမ်မြောက် ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့စရိတ် ပေးအပ်ချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ နေပြည်တော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျာလင်းက ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာခေတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ(အဝေးပြေး) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြတ်မိုးက ပညာသင်စရိတ်ထောက်ပံ့မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ နေပြည်တော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌက တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုချီးမြှင့်ငွေများ ပေးအပ်သည်။ **(အပေါ်ယာပုံ)**



ယင်းနောက် နေပြည်တော် မထသ(အဝေးပြေး)ရုံးချုပ်၊ နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)၏ ကွပ်ကဲမှုအောက်ရှိ မော်တော်ယာဉ်အသင်းများမှ ဝန်ထမ်းများနှင့် သားသမီး၊ ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့စရိတ်နှင့် ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းက အမြန်ဆုံးအောင်မြင်ရန်နည်းလမ်းဖြစ်



**မကွေး ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ကဏ္ဍပေါင်းစုံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကြရာ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း အခု ၂၀ ရှိပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၃၄ ခု ရှိပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း မကွေးတိုင်းဒေသကြီးအတွင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် သဘာဝဓာတ်ငွေ့နှင့် နေရောင်ခြည်စွမ်းအင် (HYBRID) သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းတစ်ခု ဝင်ရောက်ခဲ့ပါကြောင်း၊ လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာခြင်းကြောင့် အကျိုးကျေးဇူးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျသည့် လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရာရောက်ပါကြောင်း၊ နိုင်ငံတော်တစ်ဝန်းလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံသူ/ နိုင်ငံသားများ၏ စားဝတ်နေရေး၊ လူနေမှုဘဝ အဆင်ပြေချောမွေ့နိုင်မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းက အမြန်ဆုံးအောင်မြင်ရန်အတွက် အသေချာဆုံး နည်းလမ်းဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ တစ်ပိုင်တစ်နိုင် MSME လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအထိ တက်လှမ်းနိုင်စေရေးနှင့် ပြည်ပပို့ကုန်များ တင်ပို့နိုင်သည်အထိ တက်လှမ်းနိုင်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခွင့်အရေးများဖြစ်သည့် ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို MSME လုပ်ငန်းရှင်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေးကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ရေးအတွက် ဖိတ်ခေါ်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့်လုပ်ငန်းအပေါ် ကော်မတီအဖွဲ့ဝင်များက ဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

မကွေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၊ မကွေးမြို့နယ် စုပေါင်းရုံး(ဒုတိယထပ်)၊ ပြည်တော်သာ ၁ လမ်း၊ ပြည်တော်သာရပ်ကွက် မကွေးမြို့ ဖုန်း-၀၆၃-၂၀၂၈၇၄၈ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မောင်ညီညာ**

# ရေသောက်စနစ်များတွင် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

**သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ရေလိုအပ်ချက် ဟန်ချက်ညီပေးဝေနိုင်ရန်နှင့် ရေသောက်စနစ်များတွင် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ယင်းတော်ကန် ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပြောကြားသည်။**

ဆက်လက်၍ ဒုတိယဝန်ကြီးက ဆည်၊ ကန်၊ ရေလှောင်တမံများ၏ ရေချိုသယံဇာတများ အလေအလွင့်မရှိစေရန်နှင့် ပြောင်းလဲသက်ရောက်လျက်ရှိသော ရာသီဥတုအခြေအနေကြောင့် သိုလှောင်ရေများ ဆုံးရှုံးမှုမရှိ အထိရောက်ဆုံး သုံးစွဲနိုင်ရေး မှာကြားပြီး ယင်းတော်ကန် ရေထုတ်ပြွန်မှ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ချောင်းကောက်ရေလှောင်တမံ လက်ယာမြောင်းမကြီးမှ မိုးစပါးစိုက်ခင်းများအား ရေပေးဝေနေမှုနှင့် မိတ္ထီလာမြို့နယ် ကွက်ငယ်အုပ်စု ဒဟက်တန်းကျေးရွာ ချောင်းကောက် ရေသောက်စနစ်အတွင်း စိုက်ပျိုးထားသည့် မနောသုခ မိုးစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပျော်ဘွယ်မြို့နယ်ရှိ ချောင်းကောက် ရေလှောင်တမံမှ ယင်းတော်ကန်သို့ ရေကူးပေးလျက်ရှိပြီး ပျော်ဘွယ်မြို့နယ် ချောင်းမကြီး ရေလှောင်တမံမှတစ်ဆင့် သာစည်မြို့နယ်အတွင်းရှိ အဓိကအရေးပါသည့် အင်းကနက်ကန်နှင့် ညောင်ရမ်း - မင်းလှကန်များသို့ ရေကူးပေးဝေလျက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ညောင်ရမ်းကန် အမှတ်(၄) ရေပေးမြောင်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းခွင်နှင့် မင်းလှကန် အမှတ်(၅) ရေပေးမြောင်းမှ စိုက်ပျိုးရေပေးဝေနေမှု၊ မင်းလှကန်ရေဝင်ရောက်မှု၊ ရေပေးဝေနေမှုများကို ကြည့်ရှုပြီး ရှင်းလင်းဆောင်၌ ရေအသုံးချသူများအဖွဲ့ (WUG) များ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက စိုက်ကွင်းများ ရေသွင်းရေထုတ် မှန်ကန်ရေးနှင့် ရေတင်နည်းမျိုးစုံဖြင့် စိုက်ပျိုးရေအသုံးပြုနိုင်ရေး၊ ရေအလေအလွင့်မရှိစေရေး ဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများနှင့် ရေအသုံးချသူများအဖွဲ့ (WUG) များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မိတ္ထီလာမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာခန်းမ၌ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက စိုက်ပျိုးနိုင်သည့် နေရာများတွင် မြေလွတ်မကျန် စိုက်ပျိုးနိုင်ရေးနှင့် ပြောင်းလဲသက်ရောက်လျက်ရှိသည့် ရာသီဥတုအခြေအနေအရ သီးထပ်သီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် အထွက်ကောင်းသက်တမ်းတို မျိုးကောင်းမျိုးသန့်များ အသုံးပြုရန်လိုအပ်ချက်များ၊ လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရန် တိုက်ရိုက်မျိုးစေ့ချကိရိယာအသုံးပြုမှု သရုပ်ပြခြင်း အပါအဝင် နည်းပညာပြန့်ပွားရေးနှင့် အသိပညာပေး လုပ်ငန်းများတွင် ပုဂ္ဂလိကဝန်ဆောင်မှုအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်ချက်များအား ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

**ထူးခြားသည့် အခြေအနေ**

နေပြည်တော် ဩဂုတ် ၂၈

ထူးခြားသည့် အခြေအနေမှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "စအိုလာ" သည် မြောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# ပင်လောင်းမြို့နယ်၌ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်

**ပင်လောင်း ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ်၌ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး၊ ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများနှင့် ဘိန်းစိုက်ပျိုးသည့် မြို့နယ်များတွင် ဖွံ့ဖြိုးရေးဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ဖြင့် ဖွင့်လှစ်သည့် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက ပင်မွန်းကျေးရွာအုပ်စု ထီတမောင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးရေး ဆောင်ရွက်ရာတွင် လုပ်ငန်းထူထောင်ပေးခြင်းနှင့် ကျေးရွာ၏ ဒေသထွက်ကုန်ကြမ်းအပေါ် မူတည်၍ ကုန်ထုတ်လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ လုပ်ငန်းထူထောင်လိုသူ ငါးဦးကိုရွေးချယ်၍ လုပ်ငန်း ထူထောင်နိုင်သည်အထိ လိုအပ်သောနည်းပညာနှင့် စက်ပစ္စည်းများ ထောက်ပံ့ပေးခြင်းဖြင့် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်ပေးသည့် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကိုလည်း သင်တန်းသားများအနေဖြင့် စိတ်ပါဝင်စားစွာဖြင့် အမှန်တကယ် တတ်မြောက်သည်အထိ သင်ယူကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ ပင်မွန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှသင်တန်းသား၁၀ ဦးတို့ကို ဆရာနှစ်ဦးဖြင့် ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီး၍ ဌာနဆိုင်ရာများပါဝင်သည့် စစ်ကြောင်းကြီးငါးကြောင်းဖြင့် ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီး၍ ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ စစ်ကြောင်းကြီး ငါးကြောင်းသည် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ မဲပေါက်ကျေးရွာအုပ်စု ဂမုန်းတောင်ကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်သည် ခရီးစဉ်တွင် လိုက်ပါလာကြသည့် စစ်ကြောင်းကြီး ငါးကြောင်းတွင် ပါဝင်သော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဂမုန်းတောင်ရွာဦးကျောင်း၌ တွေ့ဆုံ၍ စစ်ကြောင်းကြီး ငါးကြောင်းတွင် ဌာနဆိုင်ရာများမှ သက်ဆိုင်ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် အခြေအနေများ၊ မဲပေါက်ကျေးရွာ အုပ်စုအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများကို စားသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအခြေအနေ၊ ရေသိုလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် စစ်ကြောင်းကြီး ငါးကြောင်းတွင် လိုက်ပါလာသည့် နေပြည်တော်ကောင်စီဝင် ဦးကျော်သိန်းဆိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်းများနှင့် ကလေးကစားစရာများကို ပျဉ်းမနားမြို့နယ် ဂမုန်းတောင် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြသည့် KG တန်းမှ ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ စားသောက်ကုန်ပစ္စည်းများကို Grade-1 မှ Grade 10 အထိ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း ပေးအပ်ကြပြီး ဆရာ ဆရာမများက အတန်းအလိုက် ကျောင်းသား ကျောင်းသူများအား ကျောင်းသင်ခန်းစာများ သင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးကျော်သိန်းဆိုင်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျဉ်းမနားမြို့နယ် ဦးစီးရုံးမှ တာဝန်ရှိသူများနှင့်အတူ ဂမုန်းတောင်ကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်(၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၃၈ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၀ တို့ကို ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် စစ်ကြောင်းကြီး ငါးကြောင်းတွင် လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ကုသရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ဂမုန်းတောင် ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေပြည်သူများကို အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## စစ်တွေမြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**စစ်တွေ ဩဂုတ် ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှကြီးမှူး၍ အသေးစား ထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးပွားရေး စီမံကိန်းအရ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက စစ်တွေမြို့နယ် ကြို့တဲကျေးရွာအုပ်စု ပိုက်ဆိပ်ကြီးကျေးရွာ ကြို့တဲရွာမ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးသက်လွင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပြည်နယ်ဦးစီးဌာနမှူးက သင်တန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူ ကာကွယ်ရေးဥပဒေနှင့် ကုန်အညွှန်း အမှတ်ဆိပ်ဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**



အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၂ ဦး တက်ရောက်လျက်ရှိပြီး ယနေ့မှစ၍ ဩဂုတ် ၃၁ ရက်အထိ တစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။ သင်တန်းတွင် ဆပ်ပြာရည် အမျိုးမျိုးဖြစ်သည့် (အဝတ်လျှော်၊ ပန်းကန်ဆေး၊ လက်ဆေး၊ ရေချိုး၊ ဘက်စုံသုံး) ဆပ်ပြာခဲ၊ ဆပ်ပြာခရင်(မ်)ထုတ်လုပ်မှုနှင့်ခေါင်းလျှော်ရည်အမျိုးမျိုး ထုတ်လုပ်မှုတို့ကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။ ယင်းသင်တန်းပြီးနောက် မွမ်းမံလူသုံးကုန်ထုတ်လုပ်မှုသင်တန်းကို တစ်ပတ်ကြာ ထပ်မံ သင်ကြားပေးသွားမည်ဖြစ်ကာ အခြေခံနှင့် မွမ်းမံသင်တန်းပြီးဆုံးပါက လုပ်ငန်းထူထောင်မည့်သူ ငါးဦးအား ဌာနမှငွေကျပ် ၁၀ သိန်းနှင့် ညီမျှသော စက်ပစ္စည်း ထောက်ပံ့ပေးမည် ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၂၈**

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။



ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကို လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ PDF အမည်ခံ အကြမ်းဖက်သမားများရဲ့ လူသတ်၊ ဓားပြတိုက်ရာမှ ကိုယ်ဝန်ဆောင်မိခင်ကိုပါ သတ်ဖြတ်မိပြီး လက်လွန်ကာမှ ဖုံးမရတဲ့ ဖြစ်ရပ်”** ခေါင်းစဉ်ဖြင့် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မန္တလေး-ရန်ကုန်ခရီးစဉ်ပြေးဆွဲနေသော မြန်မာ့မီးရထားကုန်တင်ရထားကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၇၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရန် တိုက်တွန်းနှိုးဆော်

“ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။”

**ကျန်းမာရေးဝန်ကြီးဌာန**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကား၊ သဒ္ဓါတရားထက်သန်စွာ အလှူငွေများလှူဒါန်း



**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ တံတား၊ ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘိုးဘွားများအား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် ဘိုးဘွားများအား အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ အများပြည်သူများ အခမဲ့လာရောက် ဖူးမြော်ကြည်ညိုနိုင်ရန် စက်တင်ဘာ ၃ ရက် အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ဘားအံမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**ဘားအံ ဩဂုတ် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ဩဂုတ်၂၆ ရက်က မိဇံကျေးရွာအုပ်စု မိဇံကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်သည်။



ရှေးဦးစွာ ဘားအံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးထင်က အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ အဖွဲ့ဝင်(၂) ဦးဝင်းတင်က အလုပ်အကိုင်အခွင့်အလမ်းအခြေအနေများကို လည်းကောင်း၊ အမှတ် (၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (ဘားအံ)က လူကုန်ကူးမှု မဖြစ်ပေါ်စေရေးနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆန်စပါးနှင့် သီးထပ်သီးညှပ် စိုက်ပျိုးမှုများနှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက လယ်ယာမြေနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မွေးမြူရေးဆိုင်ရာ နည်းလမ်းများကို လည်းကောင်း၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက ဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ပေးမှုများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။ **(အောက်ဝဲပုံ)**

ထို့နောက် ကျေးရွာနေပြည်သူများက ကျောင်းဆောင်သစ်လိုအပ်မှုများ ဆွေးနွေးတင်ပြမှုအပေါ် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက်တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဘားအံ(ပြန်/ဆက်)**

## ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား ၂၇၂ ဦး ပြန်လည်ဝင်ရောက်

**မြဝတီ ဩဂုတ် ၂၈**

ထိုင်းနိုင်ငံ၌ ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံလျက်ရှိရာ ဩဂုတ် ၂၇ ရက်တွင် မြန်မာနိုင်ငံသား ၂၇၂ ဦး ပြန်လည်ဝင်ရောက်ခဲ့သည်။

ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများကို အသိပညာပေးခြင်း၊ အချက်အလက်များကောက်ယူခြင်းများ ဆောင်ရွက်ပေး၍ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ နေရပ်ပြန်များအား မော်လမြိုင်မြို့ရှိ ဆယ်မြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နေရပ်ပြန်များအား မြဝတီမြို့ရှိ ရွှေမြဝတီ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတို့တွင် ၁၀ ရက်ကြာ ထားရှိပြီး ကိုဗစ်ရောဂါပိုး ရှိမရှိစစ်ဆေးပြီးမှ သက်ဆိုင်ရာမြို့နယ်များသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မြန်မာ - တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအကောင်အထည်ဖော်နိုင်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ တရုတ်လူမျိုးခရီးသွားများ လွယ်ကူချောမွေ့စွာ သွားလာလည်ပတ်နိုင်ရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ ကြိုတင်ပြင်ဆင်နိုင်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာ–တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၊ မြန်မာ – တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၊ မြန်မာ – တရုတ် ကုန်သည်ကြီးများအသင်း၊ တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဖွဲ့စည်းထားသော မြန်မာ–တရုတ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့နှင့် တရုတ်ခရီးသွားဈေးကွက်ဆောင်ရွက်နေသော ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ယနေ့ မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ ခေတ္တတပ်ဖွဲ့မှူးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်နယ်ရုံးခွဲများမှ တာဝန်ခံများက အွန်လိုင်းမှပါဝင်တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြေညာချက်အရ တရုတ်လူမျိုးခရီးသွားဧည့်သည်များ အများအပြား ဝင်ရောက်လာတော့မည်ဖြစ်၍ ၎င်းတို့ဝင်ရောက်ရာတွင် အဆင်သင့်ဖြစ်နေစေရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ တရုတ်ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် ခရီးသွားကုမ္ပဏီများအနေနှင့် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ပြီး ဝန်ကြီးဌာနအနေနှင့်လည်း လိုအပ်သည်များ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း။

တရုတ်ခရီးသွားများ မြန်မာနိုင်ငံအတွင်း ခရီးစဉ်ဒေသများ၌ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် ခရီးသွားရာသီအမီ ငွေကြေးသုံးစွဲမှုအဆင်ပြေစေရေး၊ ဘာသာစကားနှင့် နေထိုင်သွားလာရေးတို့အပါအဝင် ကြိုတင်ပြင်ဆင်သင့်သည်များကို ပြင်ဆင်နိုင်ရေးအတွက် ဆွေးနွေးအဖြေရှာကြရန် လိုအပ်ပါကြောင်း၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအပြင် တရုတ်၊ အိန္ဒိယ၊ ရုရှားကဲ့သို့ အလားအလာရှိသည့် ခရီးသွားဈေးကွက်ဝင်နိုင်ငံများမှ ခရီးသွားများ ပိုမိုဝင်ရောက်လာရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးက တရုတ်ခရီးသွားများပိုမိုဝင်ရောက်လာရေးအတွက် ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားပြပွဲများနှင့် မြန်မာ–တရုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ G2G၊ B2B ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က တရုတ်နိုင်ငံ ကူမင်းမြို့ ခရီးစဉ်ဆိုင်ရာ အတွေ့အကြုံများအား ဆွေးနွေးတင်ပြပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က မြန်မာ – တရုတ် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသော အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တရုတ်ခရီးသွားဈေးကွက် ဆောင်ရွက်နေသော ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံနေရသည့်ကိစ္စရပ်များ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီး ဦးထွန်းအုံ စဉ့်ကူးကြိုးဝိုင်း စီးပွားရေးသက်ကြီးကျွန်းစိုက်ခင်းအကွက်များအတွင်း လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံသည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း စဉ့်ကူးကြိုးဝိုင်းသို့ရောက်ရှိပြီး ပြင်ဦးလွင်သစ်ထုတ်ရေးဒေသ စီးပွားရေး သက်ကြီးကျွန်းစိုက်ခင်းအကွက်များအတွင်း သစ်တောဦးစီးဌာန၏ကျွန်းစိုပင်ထောင်ရိုက်မှတ်မှု၊ မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန၏ တောတွင်းသစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက မှတ်ရိုက်ခြင်းလုပ်ငန်းနှင့် ခုတ်လှဲဖြတ်ပိုင်းပေးခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ သယ်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာညွှန်ကြားချက်များ၊ Standard Operating Procedures– SOP လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရန်၊ သတ်မှတ်ပမာဏပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင်ဆောင်ရွက်ရန်၊ သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးနှင့် လုပ်ငန်းခွင်အတွင်းဘေးအန္တရာယ်ကင်းရှင်းစေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အမရပူရမြို့နယ်သို့ရောက်ရှိပြီး မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံ စက်မှုလုပ်ငန်းဌာန၏ ပုံဖော်စက်ရုံ အမှတ်(၂–က) နှင့် ပုံဖော်စက်ရုံ အမှတ် (၂–ခ) တို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများ ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ သစ်အခြေခံ အရည်အသွေးမြှင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အဆင့်အရာထမ်း မွမ်းမံသင်တန်း အမှတ်စဉ် (၂/ ၂၀၂၃) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အဆင့်အရာထမ်းမွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ်(၄၆) ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။



ဒုတိယဝန်ကြီးက အလယ်အလတ်အဆင့် အရာထမ်းများအနေဖြင့် အခွန်ထမ်းပြည်သူများနှင့် ထိတွေ့ဆက်ဆံရာတွင် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ ဆက်ဆံရေး ပြေပြစ်မှုများမှာ မရှိမဖြစ်လိုအပ်ပြီး မိမိတို့၏ ဆောင်ရွက်ချက်များသည် အခွန်ယဉ်ကျေးမှုကို မြှင့်တင်ပေးနေခြင်းဖြစ်ကြောင်းကို အစဉ်အမြဲနှလုံးသွင်း၍ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် အခွန်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်၍ ကျွမ်းကျင်မှုရှိအောင် အစဉ်အမြဲ လေ့လာဆည်းပူးနေရန်လိုအပ်သကဲ့သို့ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများကိုလည်း မျှဝေပေးခြင်း၊ အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းများ ပြုလုပ်ကြခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးများ အစဉ်မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ အဖွဲ့အစည်းများ၊ ဦးစီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူ သင်တန်းသား သင်တန်းသူများကို ဆုများ ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။ **(အပေါ်ပုံ)**

သင်တန်းကို ရက်သတ္တပတ်နှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ သင်တန်းသားသင်တန်းသူ လက်ထောက်ညွှန်ကြားရေးမှူး စုစုပေါင်း ၄၀ တက်ရောက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒလမြို့နယ်၌ စက်တပ်သမ္ဗန်များ စည်းကမ်းလိုက်နာစေရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်မြစ်ကိုဖြတ်သန်း၍ ခရီးသည်ပို့ဆောင်ပြေးဆွဲလျက်ရှိသည့် ဒလမြို့နယ်မှ ကြီးကြပ်ရေးအဖွဲ့ပိုင် စက်တပ်သမ္ဗန်ရေယာဉ်ဆိပ်ငါးဆိပ်နှင့် သမဝါယမအသင်းပိုင်ရေယာဉ်ဆိပ်ငါးဆိပ်မှ စက်တပ်သမ္ဗန်များတွင် ခရီးသည်များ အသက်အန္တရာယ်ကင်းဝေးစေရန်အတွက် သတ်မှတ်စည်းကမ်းများကို လိုက်နာမှုရှိစေရန် တာဝန်ရှိသူများက ဩဂုတ် ၂၇ ရက်က ကွင်းဆင်းစစ်ဆေးသည်။

စစ်ဆေးမှုများ ပြုလုပ်ရာတွင် မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် ကြီးကြပ်အဖွဲ့ဝင်များက ရေယာဉ်ပေါ်တွင် ထားရှိရမည့် အသက်ကယ်အင်္ကျီအပါအဝင် သတ်မှတ်ပစ္စည်းများ ထားရှိခြင်း ရှိ မရှိနှင့် ရေယာဉ် ကြံ့ခိုင်ကောင်းမွန်ခြင်း ရှိ မရှိကို စစ်ဆေးပြီး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ရေယာဉ်စီးခကို လတ်တလောတိုးမြှင့်ကောက်ခံခြင်း မပြုကြရန်လည်း မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ဦး**



# တစ်ဦးတစ်ယောက်မှ မကျန်ရစ်ခဲ့စေရေးအခြေခံမှုနှင့် ၂၀၃၀ အာဂျင်ဒါ

ဒေါက်တာခိုင်ခိုင်ဝင်း

၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ( Sustainable Development Goals, SDGs) ၁၇ ခုနှင့် ရည်မှန်းချက်ပေါင်း (Targets) ၁၆၉ ခုပါရှိသည့် “ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်” (The 2030 Agenda for Sustainable Development)ကို ကုလသမဂ္ဂအထွေထွေညီလာခံမှ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ တညီတညွတ်တည်း သဘောတူညီမှုဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

“ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်” ပါ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို ကမ္ဘာတစ်ဝန်းတွင် အကောင်အထည်ဖော်ရမည့်ကာလမှာ ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ၁၅ နှစ်တာဖြစ်ရာ ယနေ့ဆိုလျှင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ခရီးစဉ်တစ်ဝက်ကျိုးကာလရောက်ခဲ့ပြီ ဖြစ်ပါသည်။

> ❖ **“ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်” သည် ကမ္ဘာကြီး၊ ကမ္ဘာကြီးပေါ်ရှိ လူသားများနှင့် အနာဂတ်လူသားများ ငြိမ်းချမ်းသာယာဝပြောမှုရှိစေရေး အတွက် ရည်ရွယ်ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်ဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ တညီတညွတ်တည်း သဘောတူညီမှုဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ရာ “ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်” ကို ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းစဉ်ဟုလည်း ခေါ်ဆို၊ ယနေ့အချိန်အခါတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိပြီး နိုင်ငံတစ်ခုနှင့်တစ်ခု လူဦးရေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စာတတ်မြောက်မှု၊ နည်းပညာ တိုးတက်မှု အစရှိသည်တို့ မတူညီကြသည့်အတွက် အကောင်အထည်ဖော်မှုအပိုင်းနှင့် အောင်မြင်ပြီးမြောက်မှုအပိုင်း၊ တွေ့ကြုံရသည့် စိန်ခေါ်မှုအခက်အခဲများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြ**

“ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်” တွင် အခြေခံအကျဆုံးဖြစ်ပြီး အဓိကကျသည့်အချက်မှာ ပန်းတိုင်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မှ ကျန်ရစ်မနေခဲ့စေရေး (Leaving no one behind) ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများသည် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ အနေအထား၊ အရင်းအမြစ်များနှင့် ကိုက်ညီသည့် မူဝါဒများ၊ စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြသည်ဖြစ်ရာ နိုင်ငံအတွင်းနေထိုင်ကြသူ လူသားများတစ်ဦးတစ်ယောက်မှ ကျန်ရစ်မနေခဲ့စေရေးမှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**မညီမျှမှုများ လျှော့ချရေး၊ ခွဲခြားမှုမရှိရေးဆောင်ရွက်ရမည်**

ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ကိုးကွယ်သည့်ဘာသာ၊ ဘာသာစကား မတူညီကွဲပြားကြသည့် လူမျိုးများ၊ ဆင်းရဲသူနှင့် ချမ်းသာသူ၊ မြို့ပြတွင်နေထိုင်ကြသူများသာမဟုတ် ကျေးလက်တောရွာများတွင် နေထိုင်ကြသူများ စာတတ်မြောက်သူနှင့် စာမတတ်မြောက်သူ၊ သန်စွမ်းသူနှင့် မသန်စွမ်းသူများ၊ ကလေးနှင့် လူကြီး၊ အမျိုးသားနှင့် အမျိုးသမီး အစရှိသည်ဖြင့် မတူညီကွဲပြားမှုများ ရှိနေစေကာမူ စဉ်ဆက်မပြတ် ပန်းတိုင်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး၏ အခြေခံသဘောတရားများဖြစ်သည့် မညီမျှမှုများ လျှော့ချရေး၊ ခွဲခြားမှုမရှိရေး၊ အားလုံးပါဝင်ရေး၊ ဖယ်ထားခံရမှုမရှိရေး၊ တရားမျှတမှုရှိရေး စသည့် အခြေခံသဘောတရားများဖြင့် တစ်ဦးတစ်ယောက်မှ ကျန်ရစ်မနေခဲ့စေရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

> **“ စီးပွားရေးအင်အားချို့တဲ့ပြီး ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံငယ်များအား အဓိကထား ကူညီလက်တွဲပူးပေါင်းဆောင်ရွက်မှုရှိမှသာလျှင် အဆိုပါနိုင်ငံငယ်များ၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေသည်များ အောင်မြင်ပြီးမြောက်မည်ဖြစ်ပြီး ကူညီလက်တွဲပူးပေါင်းဆောင်ရွက်မှုမရှိဘဲ ဖယ်ထုတ်ထားရှိ (exclusion) ပါက အဆိုပါနိုင်ငံတွင်းရှိလူအများသည် အောင်မြင်မှုအသီးအပွင့် မခံစား မရရှိဘဲ ကျန်ရစ်ခဲ့သူများ ဖြစ်လာမည်ဖြစ်”**

“ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်” သည် ကမ္ဘာကြီး၊ ကမ္ဘာကြီးပေါ်ရှိ လူသားများနှင့် အနာဂတ်လူသားများ ငြိမ်းချမ်းသာယာဝပြောမှုရှိစေရေးအတွက် ရည်ရွယ်ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်ဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ တညီတညွတ်တည်း သဘောတူညီမှုဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ရာ “ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်” ကို ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းစဉ်ဟုလည်း ခေါ်ဆိုကြပါသည်။ ယနေ့အချိန်အခါတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိပြီး နိုင်ငံတစ်ခု နှင့်တစ်ခု လူဦးရေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စာတတ်မြောက်မှု၊ နည်းပညာတိုးတက်မှု အစရှိသည်တို့ မတူညီကြသည့်အတွက် အကောင်အထည်ဖော်မှုအပိုင်းနှင့် အောင်မြင်ပြီးမြောက်မှုအပိုင်း၊ တွေ့ကြုံရသည့် စိန်ခေါ်မှုအခက်အခဲများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြပါ။

သို့ရာတွင် ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ကမ္ဘာကြီးပေါ်ရှိ နိုင်ငံအချင်းချင်း ပူးပေါင်းလက်တွဲ ကူညီဆောင်ရွက်မှု၊ ဖေးမကူညီမှု၊ ထောက်ပံ့ပေးမှုများရှိမှသာလျှင် တစ်ဦးတစ်ယောက်မှ မကျန်ရစ်စေရေး အခြေခံမှုနှင့်အညီ တစ်နိုင်ငံမှ မကျန်ရစ်ခဲ့ဘဲ အောင်မြင်မှုအသီးအပွင့်ကို ညီတူညီမျှ ခံစားကြရမည်ဖြစ်ပါသည်။

**ဆင်းရဲသည့်နိုင်ငံများအတွက်ရည်ရွယ်**

၂၀၃၀ လုပ်ငန်းစဉ်သည် ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတစ်နိုင်ငံအတွက်သာ ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်း မဟုတ်ဘဲ အခြေအနေမတူကွဲပြားရှိနေကြသည့် ကမ္ဘာကြီးပေါ်ရှိ နိုင်ငံအားလုံးအတွက် ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ အထူးသဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ၏ ပထမဆုံးပန်းတိုင်ဖြစ်သော ဆင်းရဲမှုတိုက်ဖျက်ရေး (poverty eradication) ပန်းတိုင်သည် ဆင်းရဲသည့်နိုင်ငံများရှိ လူများအတွက် ရည်ရွယ်ခြင်းဖြစ်ပြီး “ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်” အကောင်အထည်ဖော်မှုပြီးစီးမည့် ၂၀၃၀ ရောက်သည့်အခါ ဆင်းရဲသည့်နိုင်ငံရှိ လူများအပါအဝင် ကမ္ဘာကြီးပေါ်ရှိလူများ တစ်ဦးတစ်ယောက်မှ မကျန်ရစ်စေဘဲ အောင်မြင်မှုအသီးအပွင့်များကို အားလုံးတန်းတူညီမျှ ရယူခံစားနိုင်ရေး ရည်ရွယ်ချမှတ်ခြင်းဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲလာခြင်း အကျိုးဆက်များ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးလာနေမှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါမှ အစပြုခဲ့သည့် စီးပွားရေးကပ်ဆိုက်နေမှုများ အစရှိသည်တို့သည် ယနေ့ကမ္ဘာကြီး ရင်ဆိုင်နေရသည့် ပြဿနာများဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတိုင်းသည် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ အကောင်အထည်ဖော်မှုအတွက် အနည်းနှင့်အများဆိုသလို အခက်အခဲ၊ အကျပ်အတည်းနှင့် ရင်ဆိုင်နေကြရသည် ဖြစ်ပါသည်။

**မိတ်ဖက်များ၏ကဏ္ဍသည် အရေးကြီး**

“ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်” ကို ပြည်သူ(People )၊ ကမ္ဘာမြေ (Planet)၊ သာယာဝပြောမှု (Prosperity)၊ ငြိမ်းချမ်းမှု ( Peace )၊ မိတ်ဖက် (Partnership) ဆိုသည့် 5Ps ဖြင့် လွှမ်းခြုံထားပြီး မိတ်ဖက် (Partnership) ကို ထည့်သွင်းထားသည်ကို ကြည့်ခြင်းအားဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် မိတ်ဖက်များ၏ ကဏ္ဍသည် အရေးကြီးသည့်နေရာတွင်တည်ရှိနေကြောင်းကို ဆိုလိုသည်ဖြစ်၍ မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုသည်လည်း လိုအပ်ပါသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

၂၀၃၀ ပြည့်နှစ်အမီ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ရာ နိုင်ငံတစ်နိုင်ငံချင်းစီ၏ အားတစ်ခုတည်းဖြင့် ရရှိနိုင်မည်မဟုတ်ဘဲ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ ကဏ္ဍစုံမှ မိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပိုမိုလိုအပ်သည်လည်း ဖြစ်ပါသည်။

စီးပွားရေးအင်အားချို့တဲ့ပြီး ဖွံ့ဖြိုးမှု နောက်ကျသော နိုင်ငံငယ်များအား အဓိကထား ကူညီလက်တွဲပူးပေါင်းဆောင်ရွက်မှုရှိမှသာလျှင် အဆိုပါ နိုင်ငံငယ်များ၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေသည်များ အောင်မြင်ပြီးမြောက်မည်ဖြစ်ပြီး ကူညီလက်တွဲ ပူးပေါင်းဆောင်ရွက်မှု မရှိဘဲ ဖယ်ထုတ်ထားရှိ (exclusion) ပါက အဆိုပါနိုင်ငံတွင်းရှိ လူအများသည် အောင်မြင်မှုအသီးအပွင့် မခံစား မရရှိဘဲ ကျန်ရစ်ခဲ့သူများ ဖြစ်လာမည် ဖြစ်ပါသည်။

**ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းစဉ်ကို ချမှတ်ခဲ့**

ဖယ်ကြဉ်ထားရှိခြင်းသည် လူ့အခွင့်အရေး အခြေခံသဘောတရားနှင့်လည်း ဆန့်ကျင်ကွဲလွဲနေသည်လည်း ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အချိန်ကာလအတွင်း ဖယ်ထုတ်ထားရှိ (exclusion) ခြင်းသည် ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းစဉ် အခြေခံသဘောတရား၊ မူများနှင့် ဆန့်ကျင်နေသည်လည်း ဖြစ်ပါသည်။ အကြောင်းမှာ ကမ္ဘာကြီးပေါ်ရှိ နိုင်ငံအားလုံးနှင့် နိုင်ငံအားလုံးတွင်နေထိုင်ကြသူ လူအများ တန်းတူညီမျှအောင်မြင်ပျော်ရွှင်နိုင်ဖို့ရာ ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းစဉ်ကို ချမှတ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ကမ္ဘာမြေပေါ်ရှိ လူသားများနှင့် နောင်လာမည့်မျိုးဆက်သစ်များ ငြိမ်းချမ်းသာယာဝပြောစေရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် “ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်” ကို သဘောတူ လက်ခံထားခဲ့ကြသည့် နိုင်ငံအားလုံးတွင် တာဝန်ရှိသည်လည်းဖြစ်ရာ နိုင်ငံတစ်နိုင်ငံကို ပူးပေါင်းကူညီမှုမရှိဘဲ ခွဲခြားမှုပြုလုပ်ခြင်းသည် အဆိုပါနိုင်ငံအတွင်း နေထိုင်ကြသူ လူအများအား ၂၀၃၀ ပြည့်နှစ် လုပ်ငန်းစဉ်၏ အောင်မြင်မှုအသီးအပွင့်များကို မခံစားရနိုင်ရန် ချန်လှပ်ထားခြင်းဟု မှတ်ယူရမည်လည်း ဖြစ်ပါသည်။

**ဘုံအကျိုးစီးပွားကိုရည်မှန်းကာ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်**

ချန်လှပ်ဖယ်ထားခြင်းမပြုဘဲ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုဟုဆိုရာတွင် ဘုံအကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်ရန်ကို ဆိုလိုရင်းဖြစ်ပါသည်။ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအတွက် ပူးပေါင်းဆောင်ရွက်ရန် မဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးနှင့် အဆိုပါနိုင်ငံအတွင်းရှိ နိုင်ငံသားတို့ အေးချမ်းသာယာဝပြောစွာ နေထိုင်နိုင်ရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာကြီးပေါ်ရှိ လူသားတစ်ဦးတစ်ယောက်မှ *စာမျက်နှာ ၁၁ သို့*

# ပြည်မြို့၌ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိ

ပြည် ဩဂုတ် ၂၈

**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဩဂုတ် ၂၆ ရက်နံနက်ပိုင်းက ပြည်မြို့၌ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများအား လိုက်လံကြည့်ရှုကာ ဆေးရုံပြလူနာများအား နှုတ်ဆက်အားပေးပြီး ထမင်းဘူးများ ဝေငှသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဆေးဝါးများ ပြတ်တောက်မှုမရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လာရောက်ဆေးကုသပေးသည့် အထူးကုဆရာဝန်ကြီးများအား ကျေးဇူးတင်စကားပြောကြားကာ ဆေးဖိုးထောက်ပံ့ငွေကျပ်သိန်း ၅၀ ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ပြည်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၈၀၀ ကျော်အားဦးနှောက်နှင့် အာရုံကြောရောဂါ၊ သွေးနှင့်ပတ်သက်သည့်ရောဂါ၊ အသည်းရောဂါ၊ နှလုံး ရောဂါ၊ ရင်ခေါင်းနှင့် ပတ်သက်သည့်ရောဂါ၊ အစာအိမ်အူလမ်းကြောင်းရောဂါ၊ အရိုးအဆစ်ရောဂါ၊ မျက်စိ/နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ ဆီးနှင့်ကျောက်ကပ်ရောဂါများအား စစ်ဆေးကုသပေးလျက်ရှိပြီး ဆေးဝါးတစ်ပတ်စာ အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့ အောင်ဆန်းပြည်သာယာအပိုင်း(၃)၊ ရွှေမြင့်မိုရ် အဆီပြည့်နို့ဆီထုတ်လုပ်ရေးအလုပ်ရုံနှင့် အောင်ကမ္ဘာ မလိုင်နှင့်ယိုမျိုးစုံ ထုတ်လုပ်ရေးအလုပ်ရုံများသို့ သွားရောက်ကြည့်ရှုပြီး ဘေးကင်းလုံခြုံသော အစားအစာဖြစ်စေရေး၊ ပြည်ပပို့ကုန်အဖြစ်တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်ခိုင်မာမှု ရရှိစေရေး၊ သွင်းကုန်အစားထိုးနိုင်ရေးနှင့် ကုန်ကြမ်းပစ္စည်းပြတ်လပ်မှုမရှိစေရေး ချိတ်ဆက်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့ မြို့မဈေးသို့ရောက်ရှိပြီး ဈေးအတွင်းကြွေပြားခင်းနေမှု၊ ကမ်းနားလမ်း တိုးချဲ့ဆောင်ရွက်နေမှု၊ ဂန္ဓမာစက်မှုဇုန်ရှိ ဆေးရုံသုံးဝါဂွမ်းနှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်ရေးအလုပ်ရုံနှင့် ရွှေခေတ္တာရာဆီစက်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သက်ဖြိုးကြိုင် (ပြန်/ဆက်)**



# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ် ရွှေပြည်သာ တံတားအကျော် (၁၄)လမ်း အနီး၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၉၃၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၉၈၇၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီခရိုင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၄) ရပ်ကွက် မြေနီကုန်းမီးပွိုင့်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်စားဆီ လီတာ ၁၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Vanette Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၃၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၂ ဒသမ ၈၇၄ တန်၊ သစ်မာ ၂ ဒသမ ၈၁၈ တန်နှင့် အခြားသစ် ၂ ဒသမ ၅၁၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၇၆၂၈)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဩဂုတ် ၂၇ ရက်တွင် ဘုရားကြီးမြို့ Famous ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Smart Fabric Softner ၁၀၄၈၃ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၅၆၃၁၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Disel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၆၆၃၉၄၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၅ ရက်တွင် မူဆယ်-မန္တလေးကားလမ်း မိုင်တိုင် အမှတ် (၂၄)မိုင်(၃)ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Cordless Automatic Curler အခု ၂၀၀ အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဩဂုတ် ၂၇ ရက်တွင် မူဆယ်-မန္တလေးကားလမ်း မိုင်တိုင် အမှတ်(၂၁) မိုင် (၁)ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Shower Set ဘူး ၃၀၊ ပီကေကုန်ကြမ်း ၃၀၀၀ ကီလိုဂရမ်၊ Electric Socket ဖာ ၃၀ ၊ Insect Killer ဘူး ၂၁၉၀ အပါအဝင် ကုန်ပစ္စည်း ၂၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၇၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီးနှင့် Charm Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၃၀၉၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် TCL Walkie/Talkie ခြောက်စုံ၊ Fancy ဟုယူဆရသော လက်ဝတ်ရတနာများ ၉၁ ခု၊ Perfume ဘူး ၁၄၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၇၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၆၂၂၈၁၂) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

မကျန်ရစ်ခဲ့စေရေး စသည့် ဘုံအကျိုးစီးပွားကို ရည်မှန်းကာ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတစ်ခုအတွက် ရည်ရွယ်ဆောင်ရွက်ရန် မဟုတ်ဘဲ ကမ္ဘာကြီးနှင့် ကမ္ဘာကြီးပေါ်ရှိ လူသားများအတွက် ရည်ရွယ်ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

သို့မှသာ ကမ္ဘာကြီး၏နေရာစုံတွင် ရှိနေကြသည့် လူသားအားလုံး အကျိုးဝင် ပါဝင်ပြီး သာယာဝပြောသည့်၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးသည့် ငြိမ်းချမ်းသည့် ကမ္ဘာကြီးဆီ ဦးတည်သွားနိုင်မည်ဖြစ်ပြီး ထိရောက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မှသာလျှင် လူသားအားလုံးမျှော်မှန်းသည့် အောင်မြင်မှုပန်းတိုင်ဆီ အရောက်သွားနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

❒ *ကျောဖုံးမှ*

မြန်မာ ယူ-၁၂ အသင်းသည် ပြိုင်ပွဲအပြီးတွင် ဂျပန်နိုင်ငံ၌ ဆက်လက်နေထိုင်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၂ အသင်းသည် U-12 Junior World Challenge 2023 ပြိုင်ပွဲ ယှဉ်ပြိုင်သည့်အပြင် ကစားသမားများ အတွေ့အကြုံရရှိစေရန် ဂျပန်နိုင်ငံမှ လူငယ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၂ အသင်းသည် Saitama City North FC အသင်းကို လေးဂိုး-ဂိုးမရှိ၊ Una Primavera Football Club အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ Niiza Katayama FC အသင်းကို လေးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၂ အသင်းသည် U-12 Junior World Challenge 2023 ပြိုင်ပွဲ ယှဉ်ပြိုင်ရာ အဆင့် ၂၆ ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဥရောပထိပ်သီးကလပ်များဖြစ်သည့် ဘာစီလိုနာ၊ ဂျူဗင်တပ်စ်လူငယ်အသင်းများအပြင် ဂျပန်နှင့် တရုတ်နိုင်ငံများမှ လူငယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - MFF**

◆ *ကျောဖုံးမှ*

ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၅၂၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

တိုက်စစ်ပိုင်း ထက်မြက်မှုရှိသည့် အသင်းနှစ်သင်း တွေ့ဆုံမှုဖြစ်သည့်အတွက် အပြန်အလှန် သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပွဲချိန် ၂၅ မိနစ်တွင် ဂေါ်ဒွန်က နယူးကာဆယ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် လီဗာပူးအသင်း ချေပဂိုးရရှိရေးကြိုးစားလာသော်လည်း နယူးကာဆယ်အသင်း၏ တရစပ် ထိုးဖောက်တိုက်စစ်ဆင်မှုများကို ခုခံကာကွယ်ရာမှ ပွဲချိန် ၂၈ မိနစ်တွင်ပင် လီဗာပူးအသင်း ခံစစ်ကစားသမား ဗန်ဒိုက် ပြိုင်ဘက်ကစားသမားကို ဖျက်ထုတ်ပုံ ကြမ်းတမ်းခဲ့သည့်အတွက် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ ထို့နောက်တွင် လီဗာပူးအသင်းသည် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ သို့သော်လည်း ဒုတိယပိုင်းတွင် လီဗာပူးအသင်းသည် လူစားလဲ မှန်ကန်မှုရှိခဲ့ပြီး နယူးကာဆယ်ဘက်သို့ ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည်။ လီဗာပူးအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် လူစားဝင် ကစားသမား နူနက်ဇ်က သွင်းယူပေးခဲ့သလို အနိုင်သေချာစေမည့် ဒုတိယဂိုးကိုလည်း နူနက်ဇ်က နာကျင်အချိန်ပိုတွင် သွင်းယူပေးနိုင်ခဲ့သည်။

**အောင်ဇော်**

❖ *ကျောဖုံးမှ*

ဖွင့်ပွဲတွင် တာဝန်ရှိသူများက ဘောလုံးပြိုင်ပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များ ပြောကြားပြီး အဆိုပါ ကမ်းခြေဝါဆိုဖလား ဖိတ်ခေါ်ပြိုင်ပွဲတွင် အသင်း ရှစ်သင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကာ ချောင်းသာမှလေးသင်း၊ ရွှေသောင်ယံမှ လေးသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

ယနေ့ ကွင်းဖွင့်ပွဲတွင် ရွှေသောင်ယံ ဟိုတယ်ဇုန်အသင်းနှင့် သပေါ့ကန်ကျေးရွာအုပ်စု အသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

**ရွှေသောင်ယံ(ပြန်/ဆက်)**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ လေးသန်းကျော် ကုန်သွယ်မှုဆောင်ရွက်

ကော့သောင်းကုန်သွယ်ရေး စခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်း၊ သီဟိုဠ်စေ့နှင့် ပြောင်းတို့ဖြစ်သည်။

ယခုနှစ် ဩဂုတ် ၂၃ ရက်မှ ၂၇ ရက်အထိ ပို့ကုန်တန်ချိန် ၃၃၇၀၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃ ဒသမ ၈၂၈ သန်း၊ သွင်းကုန်တန်ချိန် ၁၅၅၈၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၃၁ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၅၉ သန်းတို့ဖြစ်သည်။ အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများမှာ ပလာတို ၁၆၆ ဒသမ ၃၇ တန်၊ စက်ကလပ် ၃၄ ဒသမ ၀၇ တန်၊ ငါးချဉ်ပေါင် ၁၉၇ ဒသမ ၁၅ တန်၊ စက်ဟောက် ၂၁၁ ဒသမ ၂၀ တန်၊ ကုလားငှူ ၈ ဒသမ ၂၄ တန်၊ ငါးဝိုင်း ၆၅ ဒသမ ၃၄ တန်၊ ကုလားကုတ် ၄ ဒသမ ၄၈ တန်၊ ပလာတူးခက် ၄၅၈ ဒသမ ၉၈ တန်၊ ရေဘဝဲ ၁၂ ဒသမ ၀၈တန်နှင့် ကဏန်း ၈ ဒသမ ၉၂ တန်တို့ဖြစ်သည်။



အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဒီဇယ် တန်ချိန်၂၀၀၊ ဓာတ်ဆီတန်ချိန် ၅၀၊ ပီလောပီနံမှုန့် တန်ချိန် ၆၀၊ အိုင်အိုဒင်းဆားတန်ချိန် ၅၀၀ နှင့် ဓာတ်မြေဩဇာ တန်ချိန် ၈၁၉ တန်တို့ဖြစ်သည်။

စက်သုံးဆီ ဈေးနှုန်းများအနေဖြင့် ဓာတ်ဆီတစ်ဂါလန်လျှင် ငွေကျပ် ၁၄၈၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ငွေကျပ် ၁၃၉၅၀ ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၂၈ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၉၇၁ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၁၀၃ ကျပ်ခန့်ဖြစ်သည်။

**DOT (ကော့သောင်း)**

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ဩဂုတ် ၁ ရက်မှ ၂၅ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၂၈ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၂၉ ဒသမ ၀၁၂ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ၃၉ ဒသမ ၅၄၀ ကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကြက်သွန်နီ ၁၂၀၅ တန်၊ ငရုတ်သီးစိမ်း (အစို) ၄၀၈ ဒသမ ၃၀၉ တန်၊ ချုပ်ပြီးအထည် ၁၃၆၉၁ ခု၊ ငရုတ်သီး(ခြောက်) ၂၁ ဒသမ ၇၂၀ တန်၊ ပြောင်း ၆၄ တန်၊ ရှားစောင်းပင်ခြောက် ရှစ်တန်၊ ကြာဝတ်ဆံခြောက် သုံးတန်နှင့် အခြား ရေထွက်ပစ္စည်း ၁ ဒသမ ၈၀ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဆပ်ပြာ၊ သံနှင့် သံမဏိပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မော်တော်ယာဉ် နှင့်မော်တော်ယာဉ်ပစ္စည်းများ၊ ချည်ထည်များ၊ ကွန်ပျူတာ၊ ကွန်ပျူတာနှင့် သက်ဆိုင်သောပစ္စည်းကိရိယာများ၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ ဘက်ထရီအခြောက်များ၊ စက်နှင့် စက်ပစ္စည်းများနှင့် အခြားစက္ကူများဖြစ်သည်။

**DOT (မြဝတီ)**



# ရွှေဘိုခရိုင်အတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများနှင့် စီးထွက်မှု

ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ ဩဂုတ်လစတုတ္ထပတ်တွင် စပါး၊ ဆန် ဈေးနှုန်းများ တည်ငြိမ်နေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုအနေဖြင့် ဩဂုတ်လတတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၄၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၆၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၅၅၀၀၀၊ တန်အားဖြင့် တန် ၂၇၅၀ စီးထွက်ခဲ့ကြောင်း၊ ယခုအပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၇၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်းအိတ်ရေ ၅၇၀၀၀၊ တန်အားဖြင့် တန် ၂၈၅၀ စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၂၀၀၀၊ တန်အားဖြင့် တန် ၁၀၀ ပိုမိုစီးထွက်ခဲ့ကြောင်း သိရသည်။

ဩဂုတ်လစတုတ္ထပတ်တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀၊ ရေမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀၀ နှင့် ရွှေဝါထွန်း(နွေစပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါတစ်အိတ် လျှင် ငွေကျပ် ၈၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

## ၂၈ - ၈ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | | ၁၃၀၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၀၀ | | ၁၆၀၀၀ | ၈၈၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၉၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၁၁၀၀၀ | ၅၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၈၈၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၈၀၀ | ၃၇၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၁၅၆၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၈၈၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၃၇၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၉၀၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၉၃၀၀ | ၄၄၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၄၀၀ | ၄၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၀၀ | | ၁၄၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၃၆၀၀ | ၈၀၀၀ | ၈၂၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀၀ | ၆၀၀ | ၈၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၈၀၀ | | ၁၄၅၀၀ | ၉၂၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၈၅၀၀ | ၉၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၄၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၄၀၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၅၀ | ၈၅၀၀ | ၇၈၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၃၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၀၀၀ | | ၁၄၅၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၉၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၄၀၀၀ | ၇၈၀၀ | ၂၅၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၈၇၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၆၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၈၅၀၀ | ၈၅၀၀ | | ၇၀၀၀ | ၄၅၀ | ၉၅၀၀ | ၆၅၀၀ | ၃၃၀၀ | ၂၈၀၀ | ၃၆၅၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၇၀၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၇၀၀ | ၈၇၀၀ | ၄၆၀၀ | ၅၀၀၀ | ၄၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၇၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၇၀၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၈၇၀၀ | ၈၇၀၀ | ၅၀၀၀ | ၅၂၀၀ | ၄၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၇၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၅၂၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မုံရွာနှင့် ပုသိမ်တွင် ငွေကျပ် ၂၀၀၊ ပဲဆီ တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လွိုင်ကော်တွင် ငွေကျပ် ၅၀၀၀၊ မြိတ်နှင့် စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ပုသိမ်၊ ကျိုင်းတုံနှင့် တောင်ကြီးတွင် ငွေကျပ် ၃၀၀၊ စစ်တွေ၊ လွိုင်ကော်နှင့် ဘားအံတွင် ငွေကျပ် ၅၀၀၊ ထားဝယ်တွင် ငွေကျပ် ၂၀၀၊ မြိတ်တွင် ငွေကျပ် ၄၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ကျိုင်းတုံနှင့် ပျဉ်းမနားတွင် ငွေကျပ် ၅၀၀၊ တောင်ကြီးတွင် ငွေကျပ် ၇၀၀၊ မကွေးတွင် ငွေကျပ် ၁၀၀၀၊ နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် တောင်ကြီး၊ မြိတ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ မကွေးတွင် ငွေကျပ် ၁၀၀၀၊ ချင်း တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၀၊ မကွေးတွင် ငွေကျပ် ၁၀၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ ပခုက္ကူတွင် ငွေကျပ် ၁၀၀၊ မန်ကျည်းသီးတစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ အာလူး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၅၀၀၊ မြိတ်နှင့် ပခုက္ကူတွင် ငွေကျပ် ၂၀၀၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ ကလေးတွင် ငွေကျပ် ၃၀၀၊ နနွင်းတက်တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၅၀၀၊ ကြက်သား တစ်ပိဿာလျှင် ပခုက္ကူနှင့် ကလေးတွင် ငွေကျပ် ၁၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ပြည်တွင် ငွေကျပ် ၁၀၀၊ ပဲဆီ တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၂၂၀၀၊ မုံရွာတွင် ငွေကျပ် ၁၂၀၀၊ မန္တလေးတွင် ငွေကျပ် ၂၅၀၀၊ ပခုက္ကူတွင် ငွေကျပ် ၂၀၀၊ မကွေးတွင် ငွေကျပ် ၅၀၀ ၊ ပြည်တွင် ငွေကျပ် ၂၇၀၀၊ ပဲခူး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ပုသိမ်နှင့် ပျဉ်းမနားတွင် ငွေကျပ် ၁၀၀၀၊ နေပြည်တော်တွင် ငွေကျပ် ၂၀၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပြည်တွင် ငွေကျပ် ၁၀၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၅၀၀၊ ပြည်တွင် ငွေကျပ် ၈၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၊ အာလူး တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၂၀၀၊ စစ်တွေတွင် ငွေကျပ် ၅၀၀၊ ပြည်နှင့် နေပြည်တော်တွင် ငွေကျပ် ၃၀၀၊ ပျဉ်းမနားတွင် ငွေကျပ် ၁၀၀၊ ကြက်သား တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၁၀၀၀၊ ပုသိမ်တွင် ငွေကျပ် ၂၀၀၀၊ ဝက်သား တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၄၀၀၀၊ ပုသိမ်တွင် ငွေကျပ် ၁၀၀၀၊ အမဲသား တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၂၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၅၀၀ ဈေးကျခဲ့ပါသည်။

# အရေးပေါ် မြေအောက်တိမ်းရှောင်ရေးစခန်းများ ဆောက်လုပ်ရန် ဂျပန်စီစဉ်နေ

**တိုကျို ဩဂုတ် ၂၈**

ဂျပန်အစိုးရသည် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ပြည်သူများ ပြောင်းရွှေ့နေထိုင်နိုင်သော မြေအောက်တိမ်းရှောင်ရေးစခန်းများ ဆောက်လုပ်ခြင်း အစီအစဉ်တစ်ရပ်ကို ရေးဆွဲလိုက်ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တိမ်းရှောင်ရေး အဆောက်အအုံများကို အိုခီနာဝါစီရင်စုရှိ ဆာကိရှီမာကျွန်းပေါ်တွင် စတင်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း အစိုးရက ပြောသည်။ အဆိုပါနေရာသည် ကျွန်း၏ ဝေးလံခေါင်သီသော နေရာတွင်ရှိသောကြောင့် ဒေသခံများကို ဂျပန်နိုင်ငံရှိ အခြားသောနေရာများသို့ လျင်မြန်စွာ ပြောင်းရွှေ့ရန် ခက်ခဲဖွယ်ရှိကြောင်း သိရသည်။

ခိုင်ခံ့သော မြေအောက် တိမ်းရှောင်ရေး အဆောက်အအုံတစ်ခုစီတိုင်းတွင် ပေါက်ကွဲမှုဒဏ်ခံနိုင်သော တံခါးတစ်ခု၊ လေဝင်လေထွက်စနစ်တစ်ခုနှင့် အရေးပေါ် လျှပ်စစ်စနစ်တစ်ခု ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် ဗဟိုအစိုးရထံမှ ငွေကြေးထောက်ပံ့မှုများကို အသုံးပြုကာ ထိုအဆောက်အအုံများကို ဆောက်လုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အစိုးရအတွင်းဝန်ရုံးများအနေဖြင့် အဆိုပါ စီမံကိန်း အကောင်အထည်ဖော်ရန်အတွက် ၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ် အသုံးစရိတ်မှ ယန်းသန်း ၁၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၆၈၀၀၀၀ ခန့်ကို တောင်းဆိုသွားရန် စီစဉ်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# အစ္စရေး၏တိုက်ခိုက်မှုကြောင့် ဆီးရီးယားနိုင်ငံ အလက်ပိုလေဆိပ်ဝန်ဆောင်မှုများ ပြတ်တောက်

**ဒမတ်စကတ် ဩဂုတ် ၂၈**

ဆီးရီးယားနိုင်ငံ မြောက်ပိုင်း အလက်ပိုပြည်နယ်ရှိ အလက်ပိုအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ဩဂုတ် ၂၈ ရက် အစောပိုင်းတွင် အစ္စရေးက ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် ပျက်စီးသွားခဲ့ကြောင်း ဆီးရီးယားစစ်ဘက် ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း လာထာကီယာပြည်နယ်အနောက်ဘက် မြေထဲပင်လယ်လမ်းကြောင်းမှ ဒေသစံတော်ချိန် နံနက် ၄ နာရီ မိနစ် ၃၀ ခန့်တွင် လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။




ဆီးရီးယားနိုင်ငံ အလက်ပိုအပြည်ပြည်ဆိုင်ရာလေဆိပ်ကို တွေ့ရစဉ်။

အဆိုပါ လေကြောင်း တိုက်ခိုက်မှုကြောင့် လေဆိပ်ပြေးလမ်းနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးကာ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို ပျက်ပြားစေခဲ့ကြောင်း ဖော်ပြထားပြီး အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ထားခြင်းမရှိပေ။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၏ ပထမဆုံးဆိုလာမစ်ရှင်ကို စက်တင်ဘာ ၂ ရက်တွင် လွှတ်တင်မည်

**နယူးဒေလီ ဩဂုတ် ၂၈**

အိန္ဒိယနိုင်ငံ အာကာသသုတေသနအဖွဲ့ (အိုင်အက်စ်အာအို) သည် နေကိုလေ့လာရန် ပထမဆုံးအာကာသအခြေစိုက် အိန္ဒိယနေစူးစမ်းလေ့လာရေးယာဉ်ဖြစ်သည့် အဒိတျာ-အယ် ၁ (Aditya-L1) ကို အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်၏ သီရိဟာရီကိုတာကျွန်း၌တည်ရှိသည့် ဆာတက်ရှ် ဒါဝမ်အာကာသ စင်တာမှ စက်တင်ဘာ ၂ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း တရားဝင်ကြေညာထားသည်။

အဒိတျာ-အယ် ၁ သည် နေ၏ လျှို့ဝှက်ဆန်းကြယ်မှုများကို ဖော်ထုတ်ရန် ပထမဆုံး အိန္ဒိယအာကာသအခြေစိုက် နေစူးစမ်းလေ့လာရေးယာဉ်အမျိုးအစား ဆိုလာမစ်ရှင်ဖြစ်လာမည်ဟု အိုင်အက်စ်အာအိုက ပြောကြားသည်။ အဆိုပါဆိုလာမစ်ရှင်၏ အကွာအဝေးမှာ ကမ္ဘာမြေပြင်မှ ၁ ဒသမ ၅ သန်း ကီလိုမီတာရှိမည်ဖြစ်ကြောင်း အိန္ဒိယ အာကာသအေဂျင်စီက ပြောကြားသည်။

ယင်းသို့ လွှတ်တင်ခြင်းကို အိုင်အက်စ်အာအို၏ PSLV XL ဒုံးပျံဖြင့် အိန္ဒိယစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# သီရိလင်္ကာသည် လူမှုဖူလုံရေးအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၅ သန်းကျော် ထုတ်ပေး

**ကိုလံဘို ဩဂုတ် ၂၈**

သီရိလင်္ကာနိုင်ငံသည် အစိုးရ၏ အက်စ်ဝီစူမာ လူမှုဖူလုံရေးအစီအစဉ်အရ ရွေးချယ်ထားသည့် အကျိုးခံစားခွင့်များအကြား ခွဲဝေပေးရန် ဘဏ်လုပ်ငန်းစနစ်သို့ ရူပီး ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄ သန်း) ထုတ်ပေးခဲ့သည်ဟု ပြည်နယ်ဝန်ကြီးတစ်ဦးက ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

နိုင်ငံတော်ဘဏ္ဍာရေးဝန်ကြီး ရှီဟန်စီမာဆင်ဂီက လာမည့်ရက်အနည်းငယ်အတွင်း အစီအစဉ်အရ အကျိုးခံစားခွင့်ရှိသူဦးရေ ၁ ဒသမ ၅ သန်းအနက် ဆန်ခါတင်စာရင်းဝင် လူဦးရေရှစ်သိန်း၏ ကိုယ်ပိုင်ဘဏ်စာရင်းများသို့ ငွေလွှဲပေးမည်ဖြစ်ကြောင်း မီဒီယာများအား ပြောသည်။ အကျိုးခံစားခွင့်ရှိသူဦးရေ နှစ်သန်းအထိ ဆက်လက်တိုးမြှင့်သွားရန် အစီအစဉ်ရှိကြောင်း ၎င်းကပြောသည်။

သီရိလင်္ကာနိုင်ငံသည် ချေးငွေပြန်ဆပ်ခြင်းကိုလည်း ဆိုင်းငံ့ထားပြီး ယခုအချိန်တွင် စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်နေရသည်။ သို့သော်လည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ယခုနှစ် ဒုတိယနှစ်ဝက်တွင် ပြန်လည်ကောင်းမွန်လာမည်ဟု နိုင်ငံ၏ ဗဟိုဘဏ်က အစောပိုင်းတွင် ပြောကြားထားသည်။

ဗဟိုဘဏ်၏အဆိုအရ စီးပွားရေး ပြန်လည်နာလန်ထူလာစေရန် ငွေကြေးအခြေအနေများ ပုံမှန်ပြန်လည်ရရှိရေး၊ စီးပွားရေးယုံကြည်မှု တိုးတက်ရေး၊ ထောက်ပံ့မှုအခြေအနေများ တိုးမြှင့်ရေး၊ သွင်းကုန်ကန့်သတ်ချက်များ လျှော့ပေါ့ပေးရေးနှင့် ပြုပြင်ပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများကို မြှင့်တင်ရေး ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

**ဆင်ဟွာ**

# ကနေဒါရေတပ်သင်္ဘောသုံးစင်း ယိုကိုဆူကာ အခြေစိုက်စခန်းသို့ ဆိုက်ကပ်လာ

**တိုကျို ဩဂုတ် ၂၈**

အော့တဝါ၏ ကတိကဝတ်ကို ပြသသည့်အနေဖြင့် အင်ဒို-ပစိဖိတ်ဒေသတွင် စစ်အင်အားကို ဖြည့်တင်းရန် ကနေဒါရေတပ်သင်္ဘောသုံးစင်းသည် တိုကျိုအနီး ဆိပ်ကမ်းတစ်ခုသို့ ဆိုက်ကပ်လာကြောင်း သိရသည်။

တော်ဝင်ကနေဒါ ရေတပ်ဖရီးဂိတ် HMCS Ottawa၊ HMCS Vancouver နှင့် ရေတပ်ထောက်ပံ့ရေးရေယာဉ် MV Asterix တို့သည် ဂျပန်ရေကြောင်းရန် ကာကွယ်ရေး ကိုယ်ပိုင်တပ်ဖွဲ့ ယိုကိုဆူကာ အခြေစိုက်စခန်းသို့ တနင်္လာနေ့တွင် ရောက်ရှိလာသည်။



တောင်တရုတ် ပင်လယ်တွင် ဒေသဆိုင်ရာ မိတ်ဖက်များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်သွားဖွယ်ရှိသော အင်ဒို-ပစိဖိတ်ဒေသသို့ ငါးလခန့်ကြာ အဆိုပါ ရေတပ်သင်္ဘောများကို ဖြန့်ကြက်ချထားသွားမည်ဖြစ်ကြောင်း သိရသည်။ ဒေသဆိုင်ရာ မိတ်ဖက်များအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုရရှိရန် မျှော်လင့်ကြောင်း HMCS တပ်မှူး ဆမ်ပတ်ချဲလ်က သတင်းထောက်များကို ပြောသည်။


**အင်န်အိတ်ချ်ကေ**

# နိုင်ငံအတွင်းသို့ တရားမဝင် ဖြတ်ကျော်ဝင်ရောက်ရန် ကြိုးပမ်းသည့် ဒရုန်းယာဉ်ကို ဂျော်ဒန်ပစ်ချ

**အမ္မန် ဩဂုတ် ၂၈**

ဆီးရီးယားနိုင်ငံမှ ဂျော်ဒန်နိုင်ငံထဲသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်ရန် ကြိုးပမ်းလာသည့် ဒရုန်းယာဉ်တစ်စင်းကို နိုင်ငံအရှေ့ပိုင်းရှိ စစ်ရေးဇုန်တွင်ပစ်ချခဲ့ကြောင်း ဂျော်ဒန်တပ်မတော်က တနင်္လာနေ့တွင် ပြောသည်။ နယ်ခြားစောင့်တပ်ဖွဲ့သည် တနင်္ဂနွေနေ့တွင် မောင်းသူမဲ့ဒရုန်းယာဉ်တစ်စင်းကို ထောက်လှမ်းတွေ့ရှိခဲ့ပြီး ဂျော်ဒန်ပိုင်နက်အတွင်း ပစ်ချခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်တစ်ခုတွင် ထုတ်ပြန်ထားသည်။ ထို့အပြင် မူးယစ်ဆေးဝါး သို့မဟုတ် လက်နက်များ သယ်ဆောင်ခြင်း ရှိမရှိကို ဖော်ပြခြင်းမရှိဘဲ ထိုဒရုန်းယာဉ်ကို သက်ဆိုင်ရာအာဏာပိုင်များထံ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ လွန်ခဲ့သည့်လအနည်းငယ်အတွင်းကလည်း ဂျော်ဒန်တပ်မတော်သည် မူးယစ်ဆေးဝါးနှင့် လက်နက်များ သယ်ဆောင်ကာ နိုင်ငံအတွင်း ဝင်ရောက်ကြိုးပမ်းသည့် ဒရုန်းယာဉ်အများအပြားကို ကြားဖြတ်ပစ်ချခဲ့သည်။ **ဆင်ဟွာ**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဓနုဖြူမြို့နယ်အတွင်း မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုကြည့်ရှု



ပုသိမ် ဩဂုတ် ၂၈

**ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၇ ရက်က ဓနုဖြူမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများအား ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဓနုဖြူမြို့နယ်ရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ထီကွေ့ကျေးရွာ တောင်သူ ဦးကျော်ဝင်းစိန်၏ စိုက်ကေလေးကေရှိ မော်ဘီ(၃) စပါးအမျိုးအစား RS to CS မျိုးစေ့ထုတ်စိုက်ခင်းကို လည်းကောင်း၊ တမြာကျေးရွာရှိ ဦးအေးသောင်းပါ တောင်သူ ၂၀ ၏ မိုးစပါးတစ်ကေတင်း ၁၀၀ နှင့် အထက် ကေ ၁၀၀ စံပြကွက်များအား ကြည့်ရှုပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ ခေတ်မီစိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲခြင်း၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးခြင်းများဖြင့် ပန်းတိုင်အထွက်နှုန်း တိုးတက်ထွက်ရှိစေရေး ဆောင်ရွက်ထားကြောင်း၊ တောင်သူများအနေဖြင့်လည်း စနစ်တကျလိုက်ပါဆောင်ရွက်ကြသည်ကိုလည်း တွေ့ရှိရကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထောက်ပံ့ပေးထား၍ အထွက်နှုန်းများ ပိုမိုတိုးတက်ထွက်ရှိစေရေး ဆောင်ရွက်ရန်၊ မိုးလေဝသတင်းများ နားထောင်၍ စိုက်ခင်းများ ထိခိုက်မှုမရှိစေရေး၊ ပိုးမွှားများ ကျရောက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီး၏ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရေး ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဖတ်သောင်ကျေးရွာသို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဓနုဖြူမြို့နယ် ဦးစီးမှူးရုံးမှ မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှုများအားကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်၊ ကျေးရွာများအတွင်း ခရီးလွန်သူများ၊ ရွှေ့ပြောင်းလုပ်သားစာရင်းများ စနစ်တကျပြုစုထားရှိ၍ ကျန်ရှိမှုမရှိစေရေး ဆောင်ရွက်ရန်၊ စာရင်းရေးသွင်းမှုများ မှားယွင်းမှု မရှိစေရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း စာရင်းများ ပြည့်စုံမှန်ကန်စေရေး ဆောင်ရွက်ပေးကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

## စလင်းမြို့နယ်၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အကြို စာစီစာကုံး၊ ပန်းချီ၊ ဆောင်းပါးပြိုင်ပွဲများကျင်းပ

**စလင်း ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ မြို့နယ်အဆင့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အကြို စာစီစာကုံး၊ ကဗျာ၊ ပိုစတာ၊ ကာတွန်း၊ ပန်းချီဆောင်းပါးပြိုင်ပွဲများကို ဩဂုတ် ၂၈ ရက်က အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်များခွဲ၍ ကျင်းပလျက်ရှိကြောင်း သိရသည်။



စလင်းမြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများ ၂၀၂၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် စာစီစာကုံး၊ ကဗျာ၊ ပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲများ မြို့နယ်အဆင့် ကျင်းပလျက်ရှိရာ အဆိုပါပြိုင်ပွဲသို့ စလင်းမြို့နယ် ဒုတိယပညာရေးမှူး ဦးရာဇာထက်နှင့် ပြိုင်ပွဲဝင် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမများက ကျောင်းသားကျောင်းသူများ ယှဉ်ပြိုင်ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အကြိုစာစီစာကုံးပြိုင်ပွဲနှင့် ပြိုင်ပွဲများတွင် ဗလငါးတန်ပြည့်စုံဖို့ စာတတ်မြောက်အောင်သင်ယူစို့ ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ၃၉ ဦး၊ အလယ်တန်းအဆင့် ၃၆ ဦး၊ မူလတန်းအဆင့် ၂၄ ဦး စုစုပေါင်း ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၉၉ ဦးဝင်ရောက်၍ စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများကို ယှဉ်ပြိုင်ဖြေဆိုလျက်ရှိကြောင်း သိရသည်။ **မောင်လွင်(စလင်း)**

## ကော့သောင်းမြို့၌ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဆိုင်းဘုတ်စိုက်ထူ

**ကော့သောင်း ဩဂုတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် "လူကုန်ကူးမှုခံရသူတိုင်းကို ဖော်ထုတ်သတ်မှတ်ပြီး ကာကွယ်စောင့်ရှောက်မှု ရရှိဖို့ဆောင်ရွက်ကြပါစို့" ဆိုင်းဘုတ်စိုက်ထူခြင်းကို ဩဂုတ် ၂၇ ရက်က လူစည်ကားရာ ကားဂိတ်၊ လေဆိပ်များ၌ ပြုလုပ်သည်။

အဆိုပါ ဆိုင်းဘုတ်စိုက်ထူခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူဟိန်းစိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်မီးသတ်ဦးစီးဌာန၊ လူကုန်တားရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် ဆက်သွယ်ရမည့် Hot Line ဖုန်းနံပါတ်များပါရှိသော "လူကုန်ကူးမှုခံရသူတိုင်းကို ဖော်ထုတ်သတ်မှတ်ပြီး ကာကွယ်စောင့်ရှောက်မှုရရှိဖို့ ဆောင်ရွက်ကြပါစို့" ဆိုင်းဘုတ်ကို ကော့သောင်းမြို့မ တံတားရှေ့သုံးမိုင်ကားဝင်း အတွင်းနှင့် ခုနစ်မိုင်လေဆိပ်ဝင်ပေါက်တို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ မိုးစပါးစိုက်ကေ ၆၅၂၄၂ ကေ စိုက်ပျိုးပြီးဖြစ်

**ချောင်းဆုံ ဩဂုတ် ၂၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပြည်သူများ စားရေရိက္ခာဖူလုံရေး ဒေသဝမ်းစာ စပါးဖူလုံစေရေးအတွက် ၂၀၂၃ ခုနှစ်အတွင်း မိုးစပါးစိုက်တောင်သူများအနေဖြင့် စိုက်ကေ ၆၅၂၄၂ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လျာထားလျက်ရှိပြီး ဩဂုတ်လတတိယပတ်တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှု လျာထားချက် ပြည့်မီကျော်လွန်စေရေး၊မျိုးကောင်းမျိုးသန့် စပါးများစိုက်ပျိုး၍ အထွက်နှုန်းတိုးပွားစေရေး၊ စိုက်နည်းစနစ်နှင့် သဘာဝမြေဩဇာသုံးစွဲမှု နည်းစနစ်မှန်ကန်စေရေးအတွက် ဝန်ထမ်းများက ကွင်းဆင်းပြီး တောင်သူများအား အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် မိုးစပါးစိုက်တောင်သူများ စိုက်ပျိုးရာသီအတွင်း အထွက်နှုန်းတိုးပြီး အရည်အသွေးပြည့်မီသည့် စိုက်ပျိုးနည်းစနစ်ကောင်းများရရှိနိုင်ရန် တာဝန်ရှိသူများက အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း ယခင်၂၀၂၂ ခုနှစ်က မိုးစပါးစိုက်ကေ ၆၅၁၀၅ ကေစိုက်ပျိုးနိုင်ခဲ့ရာ ယခင်နှစ်ထက် ၁၃၇ ကေ ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဆိပ်ဖြူမြို့နယ်၌ လမ်းအကျယ် ၂၄ ပေ ကတ္တရာလမ်း အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်

**ဆိပ်ဖြူ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မင်းဘူး – စလင်း – တညောင်– ဆိပ်ဖြူလမ်းမကြီး လမ်းအကျယ် ၁၈ ပေမှ ၂၄ ပေ အကျယ်လမ်း အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့နယ်လမ်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းကို ၂၀၂၃ –၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရန်နှင့် လမ်းအသုံးပြုသည့်ယာဉ်များ သွားလာမှုများ တိုးတက်လာသည့်အတွက် မင်းဘူး – စလင်း – တညောင် – ဆိပ်ဖြူလမ်းမကြီး ဆိပ်ဖြူမြို့နယ်အပိုင်း ၈ မိုင် ၂ ဖာလုံကို ယခင်လမ်းအကျယ် ၁၈ ပေမှ ၂၄ ပေ လမ်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိပြီး ယင်းလုပ်ငန်းများကို မြို့နယ်လမ်းဦးစီးဌာနနှင့် တင်ဒါကုမ္ပဏီသုံးခုတို့မှ ယခင် ၁၈ ပေလမ်းမှ မျက်ကွယ်ကွေ့ကုန်းမြေ ရှင်းလင်းခြင်း၊ ရေကျော်အုတ်ခုံများ တိုးချဲ့တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို မြို့နယ်လမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ မင်းဘူး– စလင်း– တညောင်– ဆိပ်ဖြူလမ်းမကြီး ဆိပ်ဖြူမြို့နယ် ဆူးလေကုန်းရွာနှင့် စလင်းမြို့နယ် တညောင်ရွာကြားရှိ ဆူးလေကုန်းရေကျော်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တံတားအထူးအဖွဲ့(၃)နှင့် တံတားအထူးအဖွဲ့ (၅)တို့က တာဝန်ယူ၍တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုဇွဲ(အညာမြေ)**



## ကျားမသောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအကြောင်းရှင်းလင်း

**စစ်တွေ ဩဂုတ် ၂၈**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက ဩဂုတ် ၂၅ ရက်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်နိုင်ရေးအတွက် စစ်တွေမြို့နယ် ကျားမသောက်ကျေးရွာသို့ ကွင်းဆင်းကာ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံပြီး စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မဝင်များ ရွေးချယ်ခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် စစ်တွေမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျားမသောက်ကျေးရွာအပါအဝင် မောင်နီပြင်ကျေးရွာ၊ သက္ကေပြင်ကျေးရွာ၊ ကျက်တောပြင်ကျေးရွာ၊ သင်္ဂနက်ကျေးရွာတို့တွင် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။ **အောင်လှဖြူ(ရမ်းဗြဲ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေ

နေပြည်တော်　ဩဂုတ်　၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။


ဦးမိုးဟိန်း


ဒေါ်သဇင်ဦး


ဦးသွင်ထူးအောင်


ဦးကျော်ဇေယျာငြိမ်း

*(ယမန်နေ့မှအဆက်)*

**သူရိယနေ့ဝန်းသတင်းဌာနမှ ဦးမိုးဟိန်း**က ၂၀၂၃ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးသည့်ကိစ္စကို မေးမြန်းသွားမည်ဖြစ်ပြီး ထိုကိစ္စကို ဗိုလ်ချုပ်ကိုယ်တိုင် မှန်ကန်ကြောင်း အတည်ပြုကြေညာခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့တွေ့ဆုံဆွေးနွေးပွဲမှာ မည်သည့်ရလဒ်များ ထွက်ပေါ်ခဲ့ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုအခြေအနေမှန်ကို ဗိုလ်ချုပ်အနေဖြင့် ပြည်သူများနှင့် ကမ္ဘာကို တတ်နိုင်သလောက် ဖြေကြားနိုင်ဆုံးဖြေကြားပေးစေလိုပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးမှုမှစပြီး မကြာခင်အနာဂတ်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်း Dialogue ဖြစ်သည့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းများ ပေါ်ပေါက်ကျင့်သုံးလာနိုင်ခြင်းရှိ/မရှိကို ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

## ရှေ့ဆက်သွားမည့် ရွေးကောက်ပွဲလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိအနေဖြင့် ထိုနေ့က မီဒီယာများတွင် ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုသည်လည်း မှန်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုသည်လည်း ၂ နာရီနီးပါးကြာမြင့်ပြီး နှစ်ဦးချင်း Four Eyes တွေ့ဆုံခြင်းဖြစ်သည့်အတွက် အသေးစိတ်အချက်အလက်များကို မိမိတို့လည်း မသိရှိပါကြောင်း၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့သည်ဆိုသည်ကို မီဒီယာတွေကိုလည်း တရားဝင်ပြောကြားခဲ့ကြောင်း၊ တွေ့ဆုံဆွေးနွေးသည့်အခါ မည်သည့်အကြောင်းအရာနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့လဲဆိုသည်ကို အသေးစိတ်မသိရှိရသော်လည်း ၎င်း၏ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ပေါ်မှာရှိသည့် သဘောထား၊ တွေ့ဆုံဆွေးနွေးရေးနှင့် ပတ်သက်သည့် သဘောထားများကို ထိုင်းမီဒီယာများက ဖော်ပြထားသည်များလည်းရှိကြောင်း၊ Four Eyes တွေ့ဆုံဆွေးနွေးပွဲဆိုသည်မှာ ကာယကံရှင်နှစ်ဦး ကိုယ်တိုင်ဖွင့်ပြောမှ မိမိတို့အနေဖြင့် ပြောလို့ရမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်က တချို့အကြောင်းများကို ပြန်လည်ပြောထားသည်များရှိကြောင်း၊ ၎င်းတို့ ပြန်လည်ပြောကြားချက်များသည် ဒေါ်အောင်ဆန်းစုကြည်နှင့် ၎င်းတို့ နှစ်ဦးချင်းတွေ့ဆုံဆွေးနွေးထားခြင်းဖြစ်သည့်အပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သည့်အတွက် တွေ့ဆုံခဲ့သည့်အတိုင်း ပြောကြားခဲ့သည်ဟု မိမိအနေဖြင့်ကောက်ချက်ပေးလိုကြောင်း၊ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းနှင့် ပတ်သက်ပြီး မိမိလည်း မကြာခဏပြောခဲ့ကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်တာဝန်ကို မရယူစဉ်မှာလည်း တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကိုသာ ဦးတည်ခဲ့ကြောင်း၊ မဲမသမာမှုနှင့်ပတ်သက်ပြီး မိမိတို့က ပွင့်လင်းမြင်သာစွာ မီဒီယာများနှင့် နိုင်ငံတကာသံတမန်များရှေ့တွင် အထောက်အထားပြည့်ပြည့်စုံစုံနှင့် ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့လုပ်ဆောင်ရမည့် လမ်းကြောင်းအားလုံး လုပ်ဆောင်ခဲ့ကြောင်း၊ ထိုစဉ်က နိုင်ငံတော်ကို တာဝန်ယူသည့်အစိုးရကို မဲစာရင်းများအား ပြန်လည်စစ်ဆေးပေးရန် တွေ့ဆုံဆွေးနွေးကြဖို့ တောင်းဆိုခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ လွှတ်တော်အထူးအစည်းအဝေးခေါ်ပေးရန် မဲစာရင်းနှင့်ပတ်သက်ပြီး ဆောင်ရွက်ရန်၊ မေးမြန်းခွင့်ပြုရန်ဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ နိုင်ငံတော်ကို စီမံအုပ်ချုပ်နေသည့် သူအချင်းချင်း တွေ့ဆုံဆွေးနွေးပြီး အချင်းချင်း အပြန်အလှန်စာပေးပို့ခဲ့ခြင်းများရှိခဲ့သော်လည်း မအောင်မြင်ကြောင်း၊ ထို့ပြင် တရားလွှတ်တော်ချုပ်ထံသို့ စာချွန်တက်ပြီး တရားလွှတ်တော်ချုပ်က ဆောင်ရွက်ရန် ဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်ကြောင်း၊ မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရေးလမ်းက သွားခြင်းဖြစ်ကြောင်း၊ နောက်ဆုံး ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး ၂ ရက်၊ ၃ ရက်၊ ၄ ရက်နေ့အထိ လွှတ်တော်အမတ်များ နေပြည်တော်စည်ပင်ရိပ်သာတွင်ရှိကြောင်း၊ မဲမသမာမှုများမှာ ၎င်းတို့ကိုယ်တိုင်ပါဝင်ခဲ့သည်ကို သိရှိရကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အရေးယူလို့ရကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ၎င်းတို့ကို ပြန်လွှတ်ပေးခဲ့ကြောင်း၊ တရားဥပဒေလမ်းကြောင်းမှ ရင်ဆိုင်ပါ၊ တရားဥပဒေအတိုင်း ဆောင်ရွက်ပါဟု ပြော၍ ပြန်လွှတ်လိုက်ကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ကို ရွေးသွားသည့်သူများလည်းရှိကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ကိုသွားရန် လှုံ့ဆော်သည့်သူများလည်းရှိကြောင်း၊ ယခုဖြစ်ပေါ်နေသည့် အကြမ်းဖက်လမ်းစဉ်ကို ၎င်းတို့ကိုယ်တိုင် ရွေးချယ်သွားခြင်းဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို သွားမည်ဆိုလျှင် ပထမဦးဆုံး နိုင်ငံတော်အစိုးရအနေဖြင့် အကြမ်းဖက်ဟု ကြေညာထားသည့်သူများနှင့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို သွားစရာမရှိပါကြောင်း၊ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို သွားနိုင်ရန် အကြမ်းဖက်ဟု ကြေညာခံထားသည့်သူများသည် နံပါတ်(၁) ကမ္ဘာသိ အကြမ်းဖက်လုပ်ရပ်များကို မလုပ်တော့ပါဟု ဝန်ခံချက်လိုကြောင်း၊ နံပါတ်(၂) အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချပါသည်ဆိုသည့် ကမ္ဘာသိ ကြေညာချက်လိုကြောင်း၊ ၎င်းတို့သည် လက်နက်ကိုင်ပြီး ပြည်သူလူထုကို သတ်ဖြတ်နေကြောင်း၊ မုံရွာမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက်ကိုလည်း ၎င်းတို့က ရက်ရက်စက်စက်သတ်ဖြတ်သွားကြောင်း၊ စစ်ကိုင်းတိုင်းဘက်မှာလည်း အမျိုးသမီးတစ်ယောက်ကို အချုပ်ခန်းထဲထည့်ပြီး အကြိမ်ကြိမ် မုဒိမ်းကျင့်ခဲ့ခြင်းများရှိကြောင်း၊ ထိုသို့သောလူများနှင့် ၎င်းတို့ကို ဦးဆောင်နေသည့်သူများ၊ အကြမ်းဖက်သမားများနှင့် မိမိတို့ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို လျှောက်လှမ်းစရာမရှိကြောင်း၊ မိမိတို့အနေဖြင့် ဆက်လက်လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးရရှိရန်၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်၊ EAO အဖွဲ့များနှင့် ဆောင်ရွက်နေမှုများ၊ နိုင်ငံရေးတည်ငြိမ်မှုရရှိရန် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးနေမှုများ၊ ရှေ့ဆက်သွားမည့် ရွေးကောက်ပွဲဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**သူရိယနေ့ဝန်းသတင်းဌာနမှ ဒေါ်သဇင်ဦး**က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်ပြီး မေးမြန်းလိုကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အများပြည်သူ ဖူးမြော်ခွင့်ပေးလိုက်သည့် ဩဂုတ်လ ၈ ရက်နေ့မှစတင်ပြီး ယနေ့အချိန်အထိ ကျွန်မအနေဖြင့် ၉ ကြိမ်တိတိ သွားရောက်ဖူးမြော်ခဲ့ကြောင်း၊ လာရောက်ပြီး ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများက နေပြည်တော်တစ်ဝိုက်သာမက နယ်ဝေးမှ ပြည်သူများ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပြည်သူများပါ လာရောက်ကြသည်ကို တွေ့မြင်ရကြောင်း၊ ယခုကဲ့သို့ နယ်ဝေးမှပြည်သူများ၊ ဘုရားဖူးပြည်သူများ ဖူးမြော်ခွင့်ရရှိအောင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့သည့် ဦးဆောင်ဘုရားဒါယကာကြီးဖြစ်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဘုရားတည်ဆောက်ရေးတွင် ပါဝင်ခဲ့ကြသူများ၊ ပါဝင်လှူဒါန်းကြသူအားလုံး၏ ကုသိုလ်အစုစုကို တစ်နိုင်ငံလုံးရှိ ပြည်သူများကိုယ်စား မိမိတို့သူရိယနေ့ဝန်းမီဒီယာက သာဓုခေါ်ဆိုပါကြောင်း၊ မိမိသွားရောက်ခဲ့သည့် ၉ ရက်တာကာလအတွင်း ဘုရားဖူးပြည်သူများ၏ စကားသံများကိုလည်း ကြားသိခဲ့ရကြောင်း၊ ယခု စက်တင်ဘာလ ၃ ရက်နေ့အထိသာ အခမဲ့ဖူးမြော်ခွင့်ပေးထားပြီး နောက်ပိုင်းတွင် ဝင်ကြေးများကောက်ခံသွားမည်ဟု သိရကြောင်း၊ ဝင်ကြေးကောက်ခံမည့် နှုန်းထားများနှင့်ပတ်သက်ပြီး ဝေဖန်မှုများရှိနေကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်ပြီး ယခုဆောင်ရွက်နေသည့် အခြေအနေကို ဦးစွာသိလိုကြောင်း မေးမြန်းသည်။

## ဝင်ကြေးဆိုခြင်းထက် ဘုရားကြီး၏ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကုသိုလ်အဖြစ် ပါဝင်လှူဒါန်းခွင့်ရခြင်းသာဖြစ်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်ပြီး သီးသန့်သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြောင်း၊ ထိုသတင်းစာရှင်းလင်းပွဲတွင် တချို့အကြောင်းအရာများကို မိမိအနေဖြင့် ပြောခဲ့ပြီးဖြစ်ကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် တည်ဆောက်ထားခြင်းမဟုတ်ကြောင်း၊ အဓိကမှာ ဦးဆောင်ဘုရားဒါယကာကြီး၏ မတည်မှု၊ တပ်မတော်တပ်ရင်း/တပ်ဖွဲ့များ၏ မတည်မှု၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ ပုဂ္ဂလိကအလှူရှင်များ၏ စုပေါင်းအလှူငွေများဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ကျောက်တုံးတော်ကြီးကို သယ်ယူစဉ်မှ တည်ဆောက်သည့်အချိန်အထိ ကုန်ကျစရိတ်တော်တော်ကြီးမားကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး တစ်တိုင်းပြည်လုံးလည်း သိပြီးဖြစ်ကြောင်း၊ ကျောက်တုံးတော်ကြီး သယ်ဆောင်ခြင်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ရေကြောင်းရွှေ့ပြောင်းမှု၊ ကမ္ဘာပေါ်တွင် အကြီးမားဆုံး ကုန်းကြောင်းရွှေ့ပြောင်းမှုများ ဆောင်ရွက်ခဲ့ရကြောင်း၊ ဆင်းတုတော်ကြီးပင့်ဆောင်ခြင်း အစကိုပင် ခက်ခက်ခဲခဲ လုပ်ခဲ့ရတာဖြစ်ကြောင်း၊ ဆင်းတုတော်မြတ်ကြီးတည်ဆောက်မှု ဘုရားပရိဝုဏ်တစ်ခုလုံးတည်ဆောက်မှု အားလုံးသည် စကျင်ကျောက်သားများဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ သာသနာ့ဗိမာန်တော်ကြီးနှင့် သုဓမ္မာဇရပ်များ သစ်သားလုပ်ငန်းများမှအပ ကျန်သည့်လုပ်ငန်းများမှာ စကျင်ကျောက်လုပ်ငန်းများဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ကျောက်စာရုံစေတီတော်ဆိုလျှင် အလယ်က စေတီတော်မြတ် အပါအဝင် ၇၂၁ ဆူရှိကြောင်း၊ စကျင်ကျောက်သားစစ်စစ်များဖြင့်သာ အားလုံးတည်ဆောက်ထားရှိခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် မည်သည့်နေရာမှ ရှိနိုင်မည်မဟုတ်ကြောင်း၊ နောင်တွင်လည်းပေါ်ထွန်းလာရန် ခဲယဉ်းလာကြောင်း၊ ယင်းအရွယ် ပမာဏအတိုင်းလုပ်နိုင်ရန် ခဲယဉ်းသွားပြီဖြစ်ကြောင်း၊ ဘုရားဖူးပြည်သူများလည်း နေ့စဉ်ရက်ဆက် လာရောက်ဖူးမြော်ကြသည်ကို တွေ့မြင်ရကြောင်း၊ တနင်္ဂနွေနေ့တွင် ဘုရားဖူးပြည်သူ တစ်သိန်းနီးပါးလာရောက်ပြီး ညအချိန်ထိကို တိုး၍မပေါက်ကြောင်း၊

*စာမျက်နှာ ၁၇ သို့*

**○ မိမိတို့အနေဖြင့် ဆက်လက်လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးရရှိရန်၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်၊ EAO အဖွဲ့များနှင့် ဆောင်ရွက်နေမှုများ၊ နိုင်ငံရေးတည်ငြိမ်မှုရရှိရန် နိုင်ငံရေး ပါတီများနှင့် တွေ့ဆုံဆွေးနွေးနေမှုများ၊ ရှေ့ဆက်သွားမည့် ရွေးကောက်ပွဲဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**

*စာမျက်နှာ ၁၆ မှ*

ယင်းစကျင်ကျောက်များသည်လည်း ရတနာတန်းဝင်ကျောက်ဖြစ်ကြောင်း၊ စကျင်ကျောက် မှာ အေကလပ်၊ ဘီကလပ်၊ စီကလပ်ရှိသည့်အနက် အေကလပ်ရှိသည့် အဆင့်အမြင့်ဆုံး၊ အဆင့်အမီဆုံးစကျင်ကျောက်ဖြစ်ကြောင်း၊ ယင်းသို့ အဆင့်အမီဆုံးစကျင်ကျောက်ဖြစ်သလို စကျင်ကျောက်သား၏ အဓိပ္ပာယ်အရ အစွန်းအထင်းဖြစ်ရန်လည်း လွယ်ကူကြောင်း၊ ထို့ကြောင့် ဘောပင်များ၊ စွန်းထင်းစေသည့်ပစ္စည်းများ မယူလာရန် ပြောခြင်းဖြစ်ကြောင်း၊ တန်ဖိုးထားသည့်သူများလည်းရှိကြောင်း၊ မီဒီယာများထဲမှပင် ဘုရားကြီးကို သွားနေကြသူများက မိမိထံသို့ ၎င်းတို့တွေ့ရှိချက်များကို ပြန်လည်ပြောနေသူများရှိကြောင်း၊ ဥပမာ ကျောက်စာရုံစေတီတော်တွင် လူအများက လက်ညှိုးဖြင့်ထောက်၍ဖတ်ကြသဖြင့် လူပေါင်းများစွာ ဖတ်ပါက လက်မှတစ်ဆင့် ပေကျန်နိုင်သည့်အတွက် သန့်ရှင်းသည့် ထောက်တံများထားပေးသင့်သည်ဟူ၍ အကြံပြုသူများလည်းရှိကြောင်း၊ အားလုံးအလေးအနက်ထားသည်ကို တွေ့မြင်ရကြောင်း၊ ထိုကဲ့သို့သောကိစ္စများကို မိမိတို့ ထိန်းသိမ်းရမည့် တာဝန်လည်းရှိ ကြောင်း၊ ဘုရားကြီးပရိဝုဏ်မှာ ၂၅၅ ဧကခန့်ရှိကြောင်း၊ နောင်တွင်လည်း တည်ဆောက်ရန် မလွယ်ကူတော့ကြောင်း၊ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာတစ်ခုလည်းဖြစ်သည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း၊ ထို့ကြောင့် ထိန်းသိမ်းရမည့်တာဝန်ရှိကြောင်း၊ ဘုရားကြီးတွင် လျှပ်စစ်မီတာခ တစ်လကို သိန်း ၁၅၀၀ နှင့် ၂၀၀၀ ကြားခန့် ကျသင့်ပါကြောင်း၊ ကျန်သည့်ကိစ္စများ မပါသေးကြောင်း၊ သန့်ရှင်းရေး၊ ရေ၊ မီးစသည့် ဝန်ထမ်းများ အနည်းဆုံးလူဦးရေ ၆၀၀ နှင့် ၇၀၀ ကြား ခန့်ရမည့် အနေအထားရှိကြောင်း၊ ယင်းကုန်ကျစရိတ်များကို နိုင်ငံတော်ဘတ်ဂျက်မှသုံးရန် မူဝါဒအနေဖြင့် မဖြစ်နိုင်ကြောင်း၊ ထုံးစံလည်းမရှိကြောင်း၊ မည်သည့်ဘုရားစေတီမှာမှလည်း ထုံးစံမရှိခဲ့ကြောင်း၊ ယခင်ကလည်း မရှိခဲ့ကြောင်း၊ ထို့ကြောင့် ဖူးမြော်ကုသိုလ်ယူသူများအနေဖြင့် ကုသိုလ်ပြုခွင့် တစ်ထောင်ကျပ် ကောက်ခံခြင်းဖြစ်ကြောင်း၊ တစ်ထောင်ကျပ်ဖြင့် ခွင့်ပြုခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရဟန်းသံဃာတော်များ အခမဲ့ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကတ်ဖြင့် ၅၀ ရာခိုင်နှုန်းကောက်မည်ဖြစ်ကြောင်း၊ ယခုနှုန်းထားသည် ပြောပလောက်သည့် အနေအထား မဟုတ်ကြောင်း၊ ကုသိုလ်ပါဝင်ခွင့်ရခြင်းသာဖြစ်ပါကြောင်း၊ နိုင်ငံခြားတိုင်းပြည်များတွင်လည်း မိမိတို့သိပါကြောင်း၊ ထိုင်းနိုင်ငံမှ မြဘုရားတွင် နိုင်ငံခြားသား ၁၅ ဒေါ်လာကောက်ခံကြောင်း၊ ၁၅ ဒေါ်လာကို ယခုဈေးနှုန်းဖြင့် တွက်ကြည့်ပါက သောင်းကျော်နေပြီဖြစ်ကြောင်း၊ သီရိလင်္ကာရှိ ကန္ဒီစွယ်တော်တိုက်တွင် ၅ ဒေါ်လာဖြစ်ကြောင်း၊ တရုတ်ဗုဒ္ဓစွယ်တော်မြတ်တွင် ၁၀ ယွမ်ကောက်ခံကြောင်း၊ ဂျပန်တွင်ရှိသည့် ကမာကုရရုပ်ပွားတော်မြတ်တွင် ၂ ဒေါ်လာ ကောက်ခံကြောင်း၊ ထို့ကြောင့် ဘုရားကြီး၏ ရေရှည်တည်တံ့ခိုင်မြဲရေး၊ မိမိတို့တိုင်းပြည်၏ ဂုဏ်ဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကုသိုလ်အဖြစ် ပါဝင်ကုသိုလ်ယူရသည့် အလှူငွေသာဖြစ်ပြီး အလှူငွေ တစ်ထောင်သာဖြစ်ကြောင်း၊ ဖုန်းနှင့်ပတ်သက်၍ သာမန်ဖုန်းများ ကိစ္စမရှိသော်လည်း ယခုခေတ်တွင် တချို့သောဖုန်းများသည် ပရော်ဖက်ရှင်နယ်ကင်မရာများကဲ့သို့ပင် ကောင်းကြကြောင်း၊ ထိုဖုန်းများဖြင့် Short Video များ၊ ဇာတ်ကားများ ရိုက်နေသည်များရှိကြောင်း၊ အများပြည်သူသာမန်သုံးနေသည့် ဖုန်းများဆိုလျှင် တစ်နည်းတစ်ဖုံ စဉ်းစားမှာဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး အနှစ်ချုပ်ပြောရမည်ဆိုလျှင် ဝင်ကြေးဆိုခြင်းထက် ဘုရားကြီး၏ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကုသိုလ်အဖြစ် ပါဝင်လှူဒါန်းခွင့်ရခြင်းသာဖြစ်သည်ဟု ပြောလိုပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ **သူရိယနေ့ဝန်းသတင်းဌာနမှ ဒေါ်သဇင်ဦး**က နောက်ထပ်မေးမြန်းရန် တစ်ခုကျန်ရှိကြောင်း၊ ပြည်ပမှတင်သွင်းလာသည့်ပစ္စည်းများက ဒေါ်လာဖြင့် ဝယ်ယူရသည့်အတွက်ကြောင့် ဈေးနှုန်းကြီးမြင့်နေခြင်းမှာ ပြည်သူများအနေဖြင့် “မချစ်သော်လည်း အောင့်ကာနမ်း”ဆိုသကဲ့သို့ မဖြစ်မနေအရ ဝယ်ယူသုံးစွဲနေရကြောင်း၊ သို့သော် ဒေါ်လာဖြင့် ဝယ်စရာမလိုသည့် မိမိတို့ မြန်မာနိုင်ငံမှာသာရှိနေသည့် လယ်ကွင်းထဲမှထွက်သည့် ဆန်စပါးကို ဈေးကြီးပေးဝယ်နေရသဖြင့် သဘာဝမကျကြောင်း၊ အထူးသဖြင့် ယခုရက်ပိုင်းတွင် ဆန်ကုန်သည်ကြီးများအသင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအနီး တချို့နေရာများတွင်လည်း ဆန်ဈေးနှုန်းသက်သက်သာသာဖြင့် ရောင်းချပေးနေသော်လည်း ဆန်ဈေးနှုန်းပြဿနာက မလုံလောက်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆန်ဈေးက ရန်ကုန်တစ်နေရာတည်းတွင် ဈေးသက်သက်သာသာဖြင့် ရောင်းချပေးနေ၍မရပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင်ရှိနေသည့် ပြည်သူများအနေဖြင့် မိမိနိုင်ငံအတွင်းရှိ ထုတ်ကုန်ကို အလွန်မကြီးမားသော ဈေးနှုန်းများ၊ တည်ငြိမ်သော ဈေးနှုန်းများဖြင့် ဝယ်ယူစားသောက်ရန်အတွက် မိမိ၏အခွင့်အရေးကို အပြည့်အဝရရှိသင့်သည်ဟု ထင်မြင်ပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ကုန်ဈေးနှုန်းနှင့်ပတ်သက်၍ ဆန်စပါးဈေးနှုန်းကြီးမြင့်ရခြင်းအကြောင်းအရင်းသည် ပြည်ပဝယ်လိုအားကို မျှော်ရသည့်အတွက် ကြီးမြင့်ရသည့်အကြောင်းလည်း တစ်ကြောင်းပါဝင်ကြောင်း၊ ပြည်ပနိုင်ငံများအနေဖြင့် ဆန်စပါးအဓိကထွက်သည့် နိုင်ငံများအနေဖြင့် ရာသီဥတုဒဏ်ကိုမျှော်မှန်းပြီး ဆန်စပါးရောင်းချရမည့်ကိုယ်တာကို လျှော့ချလိုက်သည့်အတွက်ကြောင့် ဆန်စပါးဈေးနှုန်းကြီးမြင့်ရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတစ်နိုင်ငံတည်းသာ ကြီးမြင့်ခြင်းမဟုတ်ကြောင်း၊ သို့သော် မိမိတို့အစိုးရအနေဖြင့် ပို့ကုန်များနှင့်ပတ်သက်ပြီး အားပေးသည်ဆိုသော်လည်း ပြည်တွင်းဖူလုံရေးနှင့်ပတ်သက်ပြီး ပြန်လည်ပြီး အားပေးရမှာဖြစ်ကြောင်း၊ ထိုကိစ္စများကို မူဝါဒပိုင်းဆိုင်ရာများနှင့် ပတ်သက်ပြီး ပြန်လည်ညှိနှိုင်းသုံးသပ်ပေးလျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ **သူရိယနေ့ဝန်းသတင်းဌာနမှ ဒေါ်သဇင်ဦး**က တပ်မတော်သား မိသားစုဝင်များ၏ အမှာစကားကိုလည်းပြောလိုကြောင်း၊ ကြီးမြင့်နေသည့် ကုန်ဈေးနှုန်းဒဏ်ကို ဦးပိုင်အမြတ်ငွေလေးဖြင့် အားတင်းထားနိုင်ရန်အတွက် သတင်းစကားပါးလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဦးပိုင်အမြတ်ငွေနှင့်ပတ်သက်၍ ဦးပိုင်သည် အများပိုင်ဖြစ်ကြောင်း၊ အများပိုင်ဆိုသည်မှာ တစ်ခုတည်းဖြင့်ဆုံးဖြတ်၍မရကြောင်း၊ ၎င်း၏ လုပ်ထုံးလုပ်နည်းရှိကြောင်း၊ လုပ်ထုံးလုပ်နည်းအရ စာရင်းစစ်ခံရကြောင်း၊ စာရင်းစစ်ပြီး စာရင်းစစ်လွှာထွက်လာမှအားလုံးကို အတည်ပြုရကြောင်း၊ အထွေထွေအရပ်ရပ်အစည်းအဝေးမှ အတည်ပြုပြီးမှ ပေးရခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် အားလုံးစစ်ဆေးပြီးနိုင်သည့် အနေအထားမှာရှိကြောင်း၊ မကြာမီအတွင်းမှာ ယခင်ကအတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**One News Channel မှ ဦးသွင်ထူးအောင်**က ယခုလာမည့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူသွားမည်ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း၊ ၂၀၂၄ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်သည် ၂၀၂၆ ခုနှစ်တွင် ပြီးဆုံးမည်ဟူ၍လည်း ကြေညာထားသည်ကို သိရကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ၂၀၂၄ သန်းခေါင်စာရင်းမှရသည့် အချက်များကို အခြေခံပြီး မဲစာရင်းပြုစုပြီးမှသာ ရွေးကောက်ပွဲလုပ်နိုင်ခြေရှိသည်ဟုလည်း မှတ်ချက်ပြုပြောဆိုနေသည်များလည်း တွေ့ရကြောင်း၊ လာမည့် ရွေးကောက်ပွဲကို ၂၀၂၄ သန်းခေါင်စာရင်းကောက်ယူပြီး ကောက်ယူရေးလုပ်ငန်းစဉ်ပြီးမှ ဖြစ်နိုင်ဖွယ်ရှိသည်လားဟု သိလိုကြောင်း၊ မည်သည့်အချိန်တွင် ကျင်းပမည်ကို သိလိုကြောင်း မေးမြန်းသည်။

### သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မိမိတို့ အလေးထားဆောင်ရွက်လျက်ရှိ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိတို့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖြစ်လာပြီး တပ်မတော်ကတာဝန်ယူရခြင်းသည် မဲစာရင်း၊ မဲမသမာမှုကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နောင်လာမည့် ရွေးကောက်ပွဲသည် မဲစာရင်းနှင့် ပတ်သက်ပြီးဖြစ်စေ၊ မဲပေးနိုင်သည့်သူများ၏ အခွင့်အရေးနှင့်ပတ်သက်ပြီးဖြစ်စေ အလေးထားဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ယင်းအပေါ်အခြေခံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း မကြာခဏပြောနေကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းနှင့် ပတ်သက်ပြီး ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပြန်သည့်စာရင်းက တစ်မျိုး၊ လူဝင်မှုကြီးကြပ်ရေးမှ ထုတ်ပြန်သည့် စာရင်း၊ ရွေးကောက်ပွဲကော်မရှင်ထုတ်ပြန်သည့်စာရင်း ယင်းတို့ကို နှိုင်းယှဉ်ကြည့်သည့်အခါတွင် ၂၀၁၄ သန်းခေါင်စာရင်းကို မမူတည်ဘဲ ဖောင်းပွနေသည့်မဲစာရင်းများဖြင့် ဆောင်ရွက်ခဲ့၍ မဲစာရင်းမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် မဲမသမာမှုများ မဖြစ်ရအောင် အဓိကအခြေခံဖြစ်သည့် မဲစာရင်းမှားယွင်းမှုမျိုး မရှိရအောင် အဓိကထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုဆိုသည်မှာ ကမ္ဘာ့စံချိန်စံညွှန်းအရ ၁၀ နှစ်ကိုတစ်ကြိမ်ကောက်ယူရခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ကောက်ယူပြီးဖြစ်သည့်အတွက် ၁၀ နှစ်ပြည့်သည့် ၂၀၂၄ ခုနှစ်တွင် ကောက်ခံနိုင်ရန်အတွက် အရေးကြီးပါကြောင်း၊ ၂၀၁၄ သန်းခေါင်စာရင်း မကောက်ယူခင်က မြန်မာနိုင်ငံ၏ လူဦးရေစာရင်း ခန့်မှန်းထားပြီး အမှန်တကယ်သန်းခေါင်စာရင်း ကောက်ယူပြီးသည့်အချိန်တွင် ခန့်မှန်းထားသည့် လူဦးရေထက်နည်းနေသည်ကို တွေ့ရကြောင်း၊ ယခင်စာရင်းမကောက်ခင်က မြန်မာနိုင်ငံ၏ မွေးဖွားနှုန်းသည် ၁ ရာခိုင်နှုန်းကျော်ကျော် ၂ ရာခိုင်နှုန်း ခန့်မှန်းခဲ့ကြောင်း၊ အမှန်တကယ် သန်းခေါင်စာရင်းကောက်ကြည့်ပြီးမှ မည်မျှရှိသည်ကိုသိရကြောင်း၊ သုည ဒသမ ၈၅ ကိန်းဂဏန်းခန့်ရှိသည်ဟု သိရကြောင်း၊ သန်းခေါင်စာရင်းကောက်ယူပြီးမှသာလျှင် ယခုနောက်ပိုင်း ၁၀ နှစ်အတွင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပကို ထွက်သွားသည့်သူများရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းရှိသူများကလည်း ရှိသင့်သည့်နေရာတွင် မရှိသူများလည်းရှိကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်ကြောင်း၊ သန်းခေါင်စာရင်းကို အခြေခံနိုင်မှသာလျှင်၊ မြေပြင်တွင် အမှန်တကယ် ကောက်ယူနိုင်မှသာလျှင် မဲစာရင်းမှန်မှုလည်းရှိမှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မိမိတို့ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**Myanmar Transparency News သတင်းဌာနမှ ဦးကျော်ဇေယျာငြိမ်း**က ပြည်တွင်း၌ အဓိကစားသုံးနေသည့် ဆန်ဈေးသည် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်လိုက်လျှင် တစ်နှစ်ခွဲအတွင်း၌ ဆန်အမျိုးအစားအလိုက်ကို မူတည်ပြီး ၈၀ ရာခိုင်နှုန်းမှ ၁၅၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ယင်းမှာ ပြည်တွင်းကထုတ်သည့် ဆန်သာရှိသေးကြောင်း၊ တစ်ဖက်တွင်လည်း ဒေါ်လာဈေးနှုန်းကဆိုလျှင် ဗဟိုဘဏ် သတ်မှတ်ထားသည့် တစ်ဒေါ်လာ ၂၁၀၀ ထက်ကို ၈၀ ရာခိုင်နှုန်းကျော်ခန့်မြင့်တက်သွားကြောင်း၊ ယခင်နေ့က ဗဟိုဘဏ်ပြန်ထိန်းလို့ ပြန်ကျလာသည့်ဈေးနှင့် ပြန်တွက်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သွင်းကုန်အများကြီး သွင်းနေရသည့် မြန်မာနိုင်ငံအနေဖြင့်ဆိုလျှင် ကုန်ဈေးနှုန်းများကလည်း လိုက်ပြီးမြင့်တက်လာရန်သာရှိကြောင်း၊ ၂၀၂၁-၂၀၂၂ နှင့်နှိုင်းယှဉ်မည်ဆိုလျှင် လက်ရှိကုန်ဈေးနှုန်းက မည်သည့်ပစ္စည်းကိုကြည့်ကြည့် နှစ်ဆမြင့်တက်နေသည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း အစိုးရက ပြည်သူများကို သက်သာချောင်ချိရေးလုပ်ပေးနေသည်ကို တွေ့ရသော်လည်း ကုန်ဈေးနှုန်းအပါအဝင် အိမ်ခြံမြေဈေး၊ ကားဈေး၊ ဒေါ်လာဈေး၊ ရွှေဈေးများ အကုန်ဈေးတက်နေသည့်အချိန် အေးအေးချမ်းချမ်းနေလိုသည့် သာမန်အလုပ်သမားများ၊ နိုင်ငံ့ဝန်ထမ်းများက ကုန်ဈေးနှုန်းအဆမတန် မြင့်တက်မှုဒဏ်ကို အလူးအလဲခံနေရကြောင်း၊ ယင်းပြည်သူများနှင့်ဝန်ထမ်းများအတွက် လစာတိုးပေးခြင်းမျိုး၊ အခွင့်အရေးပေးခြင်းမျိုး၊ တိုးမြှင့်ပေးမှုရှိလာလျှင်လည်း တိုးမြှင့်ပေးမှုနောက်ပိုင်းတွင် ကုန်ဈေးနှုန်းများ ထပ်တက်မလာအောင် မည်သို့စီမံထားမှုများရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဆန်ဈေးနှင့်ပတ်သက်ပြီး ဖြစ်ပေါ်သည့်အကြောင်းရင်းကို ပြောထားပြီးဖြစ်ကြောင်း၊ အဓိက စပါးဈေး၊ မိုးစပါးသည် ၂၀၂၁ ခုနှစ်က ၉ သိန်း၊ ၁၀ သိန်း၊ ယခုဆိုလျှင် ၁၇ သိန်း၊ ၁၈ သိန်းရှိကြောင်း၊ အဓိကအခြေခံစပါးဈေးသည်ပင်လျှင် တက်နေသည်ဖြစ်ကြောင်း၊ စပါးဈေးတက်နေသည်မှာလည်း မျှော်လင့်ချက်တစ်ခုနှင့် ဆွဲတင်ထားခြင်းဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး မူဝါဒအရ ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ရန် လုပ်ဆောင်နေသည်များရှိကြောင်း၊ တချို့သော မတက်သင့်သည့်ဈေးနှုန်းများ၊ ဖြေလျှော့မှုပေးထားသည့်ဈေးနှုန်းများနှင့်ပတ်သက်ပြီး ဖြေလျှော့မှုပေးထားသည့်ဈေးနှုန်းက အစိုးရမှရောင်းပေးလိုက်သည့် ဒေါ်လာဈေးက မည်မျှရှိသင့်ကြောင်း၊ အမြတ်တင်ပြီး ရှိသင့်သည့် ဈေးနှုန်းက မည်မျှရှိသည်ကို တွက်ချက်၍ရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ပြန်လည်ဆောင်ရွက်မှုများ ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း၊ ဒုတိယဝန်ကြီးများ ရှင်းပြသွားသည့်အတိုင်း ကုန်ဈေးနှုန်းများတည်ငြိမ်ရေးအဖွဲ့များခွဲပြီး လုပ်ဆောင်နေသည်များရှိကြောင်း၊ ထိုအဖွဲ့များ ဖွဲ့စည်းပြီး လုပ်ဆောင်နေသည့်အထဲတွင် ထိုရည်ရွယ်ချက်များပါရှိကြောင်း၊ ထိုအဖွဲ့များအနေဖြင့် ဖြစ်ပေါ်လာသည့် အခြေအနေအပေါ်တွင် မူတည်ပြီး အခြေခံလူတန်းစားများ၊ အခြေခံဝန်ထမ်းများအတွက် ဖြစ်သင့်သည့် ဈေးနှုန်းများကို ဖြစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Myanmar Transparency News သတင်းဌာနမှ ဦးကျော်ဇေယျာငြိမ်း**က ထိုကာလအတောအတွင်း ဝန်ထမ်းများအတွက် မျှော်လင့်နေသည့် လစာအစီအစဉ်ကို ဗိုလ်ချုပ်တို့အနေဖြင့် ဖြေကြားပေးနိုင်မည်လားဟု မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဝန်ထမ်းများအတွက် မိမိတို့အနေနှင့် ယခင်နှစ်က ကျောင်းဆရာ၊ ကျောင်းဆရာမ၊ ကျန်းမာရေးဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အိမ်ငှားခစရိတ်များ ပေးခဲ့သည်များရှိကြောင်း၊ နိုင်ငံတော်က ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး တခြားသောဝန်ကြီးဌာနများကိုလည်း ဝန်ကြီးဌာနအလိုက် သက်သာချောင်ချိရေး ဆောင်ရွက်ပေးသည်များလည်းရှိကြောင်း၊ ထိုကိစ္စများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဝန်ထမ်းများနှင့်ပတ်သက်ပြီး တခြားဝန်ကြီးဌာနများက ဆောင်ရွက်ပေးသည့် ဥပမာများကိုလည်း ဒုတိယဝန်ကြီးများက ပြောပြပေးစေလိုကြောင်း ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*




# မော်လမြိုင်ကျွန်းမြို့နယ်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် လိုအပ်သောသွင်းအားစုများပေးအပ်

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် လိုအပ်သော သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက်က ရေလိန်ကျေးရွာရှိ ကေရာဇ်ဆန်စက်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်က မိုးစပါးဧက ၁၀၀ တွင် တစ်ဧကလျှင် ၁၀ တင်းနှုန်းပို၍ထွက်ရှိရေး ဆောင်ရွက်သည့် တောင်သူများအား မြေဩဇာပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးစပါးဧက ၁၀၀ တွင် တစ်ဧက ၁၀ တင်းနှုန်းပို၍ ထွက်ရှိရေးအတွက် တောင်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း



ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးချစ်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးကျော်ကျော်၊ မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဇော်လွင်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်နုတို့က ယူရီးယားဓာတ်မြေဩဇာအိတ် ၁၅၀၀၊ ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၁၅၀၀ ကို တောင်သူဦးရေ ၂၁၀ အား ပေးအပ်သည်။ ထို့နောက် တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

ရဲကိုမောင် (ပြန်/ဆက်)

# မိုးသက်လေပြင်းများကျပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ကိုဗစ် - ၁၉ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခြောက်ဦး တွေ့ရှိ

(၂၈-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၇-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၄၃၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၅၅ ကျပ် | ၂၅၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၃၀ ကျပ် | ၂၅၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၁၀ ကျပ် | ၂၃၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၄၀ ကျပ် | ၂၄၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၅၀၀ | ၈၃၅ | ၇၉၃၂၅၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၂၆၂၀၅ | ၈၃၈၅၆၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁၄၀ | ၁၁၀၆၀၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၅၁၇ | ၈၇၈၉၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၁၂ | ၂၉၄၀၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၆၀ | ၁၃၈၀၀၀ |
| AHPC | ၄၈၀၀ | ၄၉၀၀ | ၂၅၈ | ၁၂၃၈၉၀၀ |
| MAEPC | ၁၈၅၀ | ၁၈၅၀ | ၆၃၀ | ၁၁၆၅၅၀၀ |

ညီညီ - စုစည်းသည်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5811 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးဝင်း ၁၂/ဒဂရ(နိုင်) ဝဝ၁၁ဝ၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃ဝ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(ဒ-၆၂၇၊ ၆၂၈)ဟု ခေါ်တွင်သော အလျား(၈ဝ) ပေxအနံ(၆ဝ)ပေ၊ ဧရိယာ(ဝ.၁၁ဝ)ဧကရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဦးတင်အောင်ချို ၁၂/အစန(နိုင်)၁၉၅၉၇၁၊ ဒေါ်သန်းသန်းဆင့် ၉/မလန(နိုင်) ၁ဝ၆၄၈ အမည်တို့ဖြင့် ချထားပေးသော နှစ်(၃ဝ) မြေငှားဂရန် မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အား ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်မင်းထိုက်(LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁ဝ၉၂၁/၂ဝ၁၆)**
**ပုရွက်ဆိတ်ကုန်းရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။ ဖုန်း-ဝ၉-၄၃ဝ၄၅၉၁၁**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၁၆)၊ ခနသိဒ္ဓိ(၂)လမ်းနေ၊ ဦးပိုင်အမှတ်(-)၊ အကွက်အမှတ် (၃၂၂)၊ ဦးအောင်ဝင်း (၉/မထလ(နိုင်) ဝ၁၆၆၅၁)မှ (အလျား ၂၆'-ဝ"x အနံ ၂ဝ'-ဝ") Steel Structure(၁)ထပ် သွပ်မိုး အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင် တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်**
**စည်ပင်သာယာရေးအဖွဲ့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊(၈၇)ရပ်ကွက်၊ မနောသုခလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂၂/က)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချထားပေးသော ဦးတင်အောင် (N/RGN-040464)နှင့် ဦးတင်လှိုင် ၁၂/သကတ(နိုင်)ဝ၁၅၅၇၇ စလစ် အမည်ပေါက် (၂ဝX၆ဝ)ပေ အကျယ်အဝန်းအနက်မှ (၁ဝx၆ဝ)ပေမြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်မို့မို့မြင့် ၁၂/သကတ(နိုင်)၁၈၃၉၄၄ မှ တရားဝင် စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်ကြောင်းတာဝန်ယူဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အိမ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၂ဝ)**
**အမှတ် ၄၈/၅ဝ၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-ဝ၉-၇၉၈၄၂၅၇၄၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂/ခ)၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ် (၂၁/န[B1])၊ မြေအမျိုးအစား-မြေပိုင်မြေ၊ အကျယ်အဝန်း ဧရိယာ(ဝ.ဝ၄၁)ဧကရှိ မြေကွက်ပေါ်တွင် တည်ရှိသည့် အမှတ်(၃၄-A)၊ မဥ္ဇူလမ်းသွယ်(၃)လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေကွက်နှင့်(၂)ထပ်တိုက် အိမ်အပါအဝင် အိမ်သုံးမီတာ(၁)လုံး၊ ရေမော်တာ(၁)လုံးနှင့် တယ်လီဖုန်း အမှတ်(ဝ၁-၆၆၂ဝ၅၂)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဇော်ဝင်း(၁၂/စခန(နိုင်)ဝ၄၃၅၇၃)နှင့် ဦးဇော်မိုး (၁၂/စခန(နိုင်)ဝဝ၃၁၅၈)တို့မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်မိတ်ဆွေ ကြီးဖြစ်သူ ဒေါ်တင်နွယ်ဝေ(၁ဝ/ကထန(နိုင်) ဝ၈၇၉၅၂)မှ အထက်ပါမြေနှင့်အိမ်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေနှင့် အိမ်အား ပိုင်ရေးဆိုင်ခွင့်ရှိသူများ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားအခိုင်အလုံဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အထက်ပါ အိမ်နှင့်မြေအား အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇင်ဦး(LL.B.(Q).PGDL,C.B.L) အ ထက်တန်းရှေ့နေ (စဉ်-၅၂၂၈၈)**
**အမှတ်(ဂ/၁၂၂)၊ ဘုရင့်နောင်လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဖုန်း-ဝ၉-၇၅၇ဝ၁၇၂၈၉၊ ဝ၉-၈၉၅၆၃၃၆၂၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊(၉)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉)၊ Brilliance Mansion Condominium၊ Building(R1)၊ Basement၊ RC(12)ထပ် အဆောက်အအုံ ၏ အခန်းအမှတ်(ဝ၉-ဝ၃)၊ ဧရိယာ(၉၂၉.၁၄) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည့်ဟု ဝန်ခံကတိပြုသော Red Roof Investment Development Co.,Ltd(ကိုယ်စား) ဒါရိုက်တာ ဒေါ်ခင်မြတ်မွန် (၇/ဒဥန(နိုင်)ဝ၄၉၉၆၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်ကိုကိုနိုင်(၁၂/အစန(နိုင်)ဝ၁၂၁၅၆)၊ ဒေါ်မြနန္ဒာထွန်း (၁၂/မရက(နိုင်)ဝဝ၂၄၅၁)တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ကိုကိုနိုင်၊ ဒေါ်မြနန္ဒာထွန်းတို့၏လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော်**
**LL.B.D.B.L,D.I.L,D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ကျိုက်ခေါက်ဘုရားလမ်း၊ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ Ph-09-765602290**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၃၇)၊ (၅)လွှာ၊ (A)ခန်း (ခေါင်းရင်းခြမ်း)ဟုခေါ်တွင်သောတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးစုခိုင် (၁၂/ရကန(နိုင်)ဝ၈၆ဝဝ၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်း(၁၂/တမန(နိုင်)ဝ၂ဝ၅၉၉)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L) | ခေါ်ခင်စောသိန်း (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆) |

**တိုက်(၁ဝ/၁၂)၊ ပထမထပ်၊ အခန်း(၁ဝ၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-ဝ၉-၇၃ဝ၂၆၁၉၉၊ ဝ၉-၄၄၃ဝ၂၆၁၉၉**

## " ကန့်ကွက်နိုင်ကြောင်းကြော်ငြာ "

ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကျားပုံလမ်း၊ အမှတ်(၂၃ဝ) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃/အေ-ကံဘဲ့)၊မြေကွက်အမှတ်(၇/ဃ)၊မြေဧရိယာ(ဝ. ၁၄၂)ဧကရှိ (အထူးဂရန်) မြေကွက်နှင့် ၎င်း၏ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါမြေကွက်ကို ရောင်းချသူ ဦးအောင်ကျော်မြင့် (၁၂/မရက(နိုင်)ဝ၅၉၆၇၈)၊ အမည်ဖြင့် အထူးဂရန်ငွေသွင်းခွင့်ရရှိထားသောမြေကွက်ဖြစ်ကြောင်း၊မိမိလက်ဝယ်ခြစည်းရိုးကာရံထားရှိပြီးပိုင်ဆိုင်ကြောင်း၊ ရောင်းချခွင့်ရှိကြောင်း၊အရှုပ်အထွေးကင်းကြောင်းဝန်ခံ၍ရောင်းချရန်ကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးတန်ဘိုးငွေအချို့ကိုရောင်းချသူဦးအောင်ကျော်မြင့်ထံသို့ပေးချေထားပါသည်။ ဤမြေကွက်နှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားမူရင်း များနှင့် အတူဤကြော်ငြာပါသည်နေ့မှစပြီး(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မိမိလှိုင် **(LL.B)**

ဒေါ်သင်းသင်းစု **(LL.B)**၊ ဒေါ်သဥ္ဇာအောင် **(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၃၅၄)
(စဉ် - ၄၈၉၂၈ ) (စဉ် - ၅ဝ၁၆၂ ) တိုက်(၈)၊ အခန်း(၇)၊ တိရိစ္ဆာန်ဥယျာဉ်လမ်း၊ ဖဆပလရပ်ကွက်၊
( အထက်တန်းရှေ့နေများ ) မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ ဝ၉-၄၄၃ဝ၃၉၁၁၇၊ ဝ၉-၅၁၁၂ဝ၅၃

## အမည်မှန်

စစ်တွေမြို့နယ်၊ အမြင့်ကျွန်းကျေးရွာနေ မဒါဦးခိုင်၏ ဖခင် ဦးမောင်ဟန်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမောင်ဟန်ထွန်း ၁၁/စတန(နိုင်) ဝ၅၅၄၉၆ ဖြစ်ပါကြောင်း။

**ဦးမောင်ဟန်ထွန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောက်ဦးမြို့နယ်၊ ကြာကန်ကျေးရွာနေ မောင်ဝင်းဌေးစိုး၏ ဖခင် ဦးမောင်ဝင်းနှင့် အိမ်ထောင်စုစာရင်းအရ မောင်လှဝင်း ၁၁/မဥန(နိုင်)ဝ၅၃၉၁၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ဝင်း(ခ)ဦးမောင်လှဝင်း**

## ဖခင်အမည်မှန်

အင်းတော်မြို့နယ်၊ အထက (အင်းတော်) Grade-12 မှ မဆိုင်းဂျာ၏ ဖခင်အမည်မှန်မှာ ဦးအင်ဖွတ်တူးဂျာ ၅/ဝသန(နိုင်) ဝ၂ဝ၉၄၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လေးမျက်နှာမြို့နယ်၊ လှော်ကထား အထက Grade-12မှ မောင်မင်းသက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးချစ်ဝင်း ၁၄/လမန(နိုင်)ဝ၇၄၃၇၉ ဖြစ်ပါကြောင်း။

**ဦးချစ်ဝင်း**

## အမည်မှန်

စစ်တွေမြို့၊ မင်းဂံရပ်ကွက်နေ မောင်ငြိမ်းချမ်းမိုး၏ ဖခင် အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်စိုးဝင်း ၁၁/စတန(နိုင်)ဝဝ၁၂၉၈ ဖြစ်ပါကြောင်း။

**ဦးကျော်စိုးဝင်း**

## မွေးသက္ကရာဇ်အမှန်

ဦးစိုးမင်းအောင် ၇/ဒဥန(နိုင်) ၁၅၇၁၇ဝ၏ သားဖြစ်သူ ဒိုက်ဦးမြို့၊ အထက(၁) ကျိုက်စကော Grade-5မှ မောင်ဖွဲ့မင်းသူ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၁-၁၂-၂ဝ၁၁) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ သက္ကယ်သောင်အုပ်စု၊ အထက (အုန်းချောင်း) Grade-12မှ မယမင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်မိုး ၁၄/ဟကက(နိုင်) ဝ၂၈၅ဝဝ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အိမ်အမှတ်(၉ဝ၆) ဥသ္သာ(၂)နေ ဦးလွင်ဦး၏သား မောင်ထက်ဝေယံ ၇/ပခန(နိုင်)၃၄ဝဝ၈၄ ၏ နိုင်ငံကူးလက်မှတ် (ME-260957)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-ဝ၉-၄၂၈၁၅၈၆၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁ဝ၊ ရတနာပုံအိမ်ရာစီမံကိန်းရပ်ကွက်၊ မြေကွက်အမှတ် (၄၃၉ + ၄၄ဝ/ခ)၊ အကျယ် (၅၉ ပေx ၆၇.၆ ပေ)၊ ဧရိယာ(ဝ. ဝ၉၁)ဧကရှိ နှစ်(၆ဝ)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက် ပိုင်ဆိုင်ထားသူ ဦးအောင်မိုးနိုင် (၇/ပခန(နိုင်)ဝဝဝ၂၈၃)မှတရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြုသဖြင့် ၎င်းထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဆွေမြင့်မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီး မြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L). (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၃ဝ၈၈)**
**ဖုန်း-ဝ၉- ၄၂၁၁၁၄၈၈၃၊ ဝ၉-၉၆၃၁၂၂၅၆၅၊**
**အမှတ်-၁၂ဝ၈၊ မဏိစန္ဒာလမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကုလားဝဲကျေးရွာ၊ ပြည်သာလမ်းတွင်တည်ရှိသည့် အလျား x အနံ (၈၁ပေx၅ဝပေ)အကျယ်ရှိမြေကွက်နှင့် ယင်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်ဖြင့် ပြန်လည်ဝယ်ယူကာ လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်ထားထားဦး (ဘ) ဦးသောင်းရွှေ(၁၂/ တမန(နိုင်)ဝ၄၂၉၄၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စိုးဟန် (ဘ) ဦးခင်မောင်အေး (၁၂/ပဇတ(နိုင်) ဝ၃၁၆၄၂)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဇာနည် (LL.B., D.B.L) | ဒေါ်နှင်းနှင်းထွေး (LL.B) (စဉ်-၂၄၉၆၈) |
|---|---|
| (စဉ် - ၁၄၆၆၈) | ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | (စဉ် - ၅ဝ၈၅၄) |

**အထက်တန်းရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့။**
**ဝ၉-၄၂ဝ၃ဝဝ၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၃၂)လမ်း၊ မြေကွက် အမှတ် (L ၆၂) ဟုခေါ်တွင်သော အလျား x အနံ (၄ဝပေx ၆ဝ ပေ) အကျယ်ရှိ ဒေါ်ခက်ခက် အမည်ပေါက် မြေကွက်နှင့် ယင်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်ဖြင့် ပြန်လည်ဝယ်ယူကာ လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမြတ်မင်းဟိန်း(ခ)ဦးမင်းခန့် (ဘ)ဦးကျော်မြင့်(၁၂/တမန(နိုင်)၁ဝ၂၅၂၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမွန်ခိုင် (ဘ) ဦးဝင်းကြည်(၁၂/လသယ(နိုင်)ဝ၇၅၇၁၉) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဇာနည် (LL.B., D.B.L) | ဒေါ်နှင်းနှင်းထွေး (LL.B) (စဉ်-၂၄၉၆၈) |
|---|---|
| (စဉ် - ၁၄၆၆၈) | ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | (စဉ် - ၅ဝ၈၅၄) |

**အထက်တန်းရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့။**
**ဝ၉-၄၂ဝ၃ဝဝ၂၆၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးအောင်ဆန်း ၁၂/ဥကမ(နိုင်) ၁၅၄၄ဝ၃နှင့် ဒေါ်မြင့်မြင့်သန်း ၁၂/ဥကမ(နိုင်) ၁၁၂၈၂၄တို့၏သား မောင်ဝေယံမင်း ၁၂/ဥကမ(နိုင်)၂၆၄၇ဝ၁ သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအား အကြိမ်ကြိမ်ကျူးလွန်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးအောင်ဆန်း၊ ဒေါ်မြင့်မြင့်သန်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်2N/7740 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ကန့်ကွက်နိုင်ပါကြောင်း

၁၀။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၀၀၂၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်( အရှေ့ပိုင်း )မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၁၁၇ - ကုန်းဘောင် )၊ ကုန်းဘောင်သံလမ်း၊ မြေကွက်အမှတ်(၁၅၃)၊ အကျယ်အဝန်း ( ၇၆ပေ × ၉၀ပေ ) (၀.၁၅ - ဧက )ရှိ ဦးနေလင်း အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးဝင်းထိန် (၇/ပခန(နိုင်)၁၈၅၅၅၅)နှင့် ဦးသန်းလှိုင် (၁၀/မလမ(နိုင်) ၁၅၈၃၈၈ ) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
| LL.B, D.B.L, D.I.L, D.M.L | LL.B, D.B.L, D.I.P.L |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးဗိုလ်ဗိုလ်ဆန်း ၁၂/သကတ(နိုင်)၁၃၂၄၃၅ (C.D.C-55068) ၏ RESULTS SHEET ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၉၂၉၃၆**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ သာကေတမြို့နယ်၊ ကောင်းဇော် (ကိုယ်ပိုင်) အထက်တန်းကျောင်း G-8(စနစ်သစ်)(ကျား)မှ မောင်အောင်ပြည့်ဟိန်း ကျောင်းဝင်အမှတ် (၀၂၆/၂၁) ဖခင်အမည်မှာ ကျောင်းဝင်စာရင်းတွင် ဦးဖြိုးဝေဖြစ်နေပြီး၊ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းတို့တွင် ဦးဖြိုးဝေဝင်း ၈/ခမန(နိုင်)၁၃၃၉၁၉ ဖြစ်ပါကြောင်း။

**ဦးဖြိုးဝေဝင်း**

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက(၂)၊ Grade-12(B)မှ မခင်ခင်သိမ့်၏ ဖခင်အမည်မှန်မှာ ဦးထင်ဇော်လင်း ၉/ပမန(နိုင်)၁၆၉၁၆၉ ဖြစ်ပါကြောင်း။

**ဦးထင်ဇော်လင်း**

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၄)၊ Grade-12($A_1$)မှ မဖူးပွင့်ဝေ နှင့် Grade-9(B) မှ မဆောင်းနှင်းဝေ တို့၏ မိဘအမည်မှန်မှာ ဦးအောင်မြင့်ဦး ၁/မကန(နိုင်) ၀၉၇၉၉၃ နှင့် ဒေါ်ခင်လင်းမာ ၅/မရန(နိုင်)၁၄၇၄၃၉ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၄)၊ Grade-9(A)မှ မောင်ပြည့်စုံအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၅/စကန(နိုင်)၁၆၆၆၄၂ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အမှတ်(၆)ရပ်ကွက်နေ ဦးဇော်ဇော်ထိုက် ၈/မလန(နိုင်)၀၅၆၅၃၂ နှင့် ဒေါ်အေမီချို ၈/မလန(နိုင်)၀၆၉၈၅၆ တို့၏သား မောင်ပြည့်ဇော်ဟန်အား မောင်ဘုန်းမြတ်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

## စာအုပ်စာပေ လူ့မိတ်ဆွေ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်းတွင် Communication and Substation Automation System ဆောင်ရွက်ရန်အတွက် လိုအပ်သောပစ္စည်းများကို တင်ဒါအမှတ် 29(T)/DPTSC(PSD)/23-24 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၈-၉-၂၀၂၃ ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူ နိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## အများသိစေရန်ကြေညာခြင်း

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂၀၊ သိုက်တိုင်)၊ ဦးပိုင်အမှတ်(၂၄)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကအား ဦးလှဦး ၉/ညဥန(နိုင်)၀၂၈၁၄၀ အမည်ဖြင့် ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် ၃၄၃/V/၁၉၉၁/ညောင်ဦးဖြင့် ခွင့်ပြုသက်တမ်း ၇-၁၀-၁၉၉၁ မှ ၆-၁၀-၂၀၂၁ အထိ နှစ်ရှည် နှစ်(၃၀)မြေငှားဂရန်စာချုပ်သည် ပျောက်ဆုံးပါသဖြင့် မြေငှားဂရန် (စာချုပ်)မိတ္တူမှန် ကူးယူခွင့်ပြုပါရန် ပုဂံရဲစခန်းထောက်ခံချက်၊ အနော်ရထာရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကျမ်းကျိန်ဆိုချက် ကမ္ဘောဇဘဏ်လီမိတက်(ပုဂံ) ၏ ထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက် အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်ဦးခရိုင်၊ ညောင်ဦးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ သပြေပင်ကျေးရွာအုပ်စု၊ ခေတ်အေးကျေးရွာ၊ မြေကွက်အမှတ် (၂၃၆) အကျယ်အဝန်းအလျား(၅၀)ပေ၊ အနံ(၁၀၀)ပေ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးတင်မောင် ၉/လဝန(နိုင်)၁၁၃၈၆၆ မှ မိမိတရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချယ်ရီနိုင် ၈/မကန(နိုင်)၁၆၉၉၉၁ က အဆိုပါမြေကွက်ကို အပြီးအပိုင်ဝယ်ယူ၍ ရောင်းဖိုးငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ကိစ္စပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချယ်ရီနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စုပိုင်ငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၂၄)**
**ဖုန်း-၀၉-၂၅၆၁၂၂၉၆၁**

## ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ အနော်ရထာလမ်း၊ တိုက်အမှတ်(၉၃/၉၅)၊ အခန်းအမှတ်(၄-ဒီ)၊ မြေညီထပ်၊ အကျယ်အဝန်း(၁၄ဒသမ၅ပေX ၄၆ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခတီဇာဘီဘီ ၁၂/ကတတ(နိုင်)၀၀၉၃၃၈ မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့် ရှိကြောင်း ပြောဆိုဝန်ခံပြီး ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူ ဦးသန်းနိုင်ဝင်း ၁၂/ဒဂတ(နိုင်)၁၁၆၇၈၁ မှ ဝယ်ယူရန်သဘောတူသဖြင့် ရောင်းချသည့် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးသန်းနိုင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဒေါ်ဝင်းမွန်မွန်သူ (စဉ်-၉၉၄၆) | ဦးကျော်မျိုးသူ (စဉ်-၁၁၃၅၃) |

တရားလွှတ်တော်ရှေ့နေများ

| | |
|---|---|
| ဒေါ်သဲပြည့်စုံဦး (စဉ်-၅၀၃၇၂) | ဦးသိန်းဇော်ထွန်း (စဉ်-၅၄၇၅၀) |

အထက်တန်းရှေ့နေများ

အမှတ်(၇)၊ စန္ဒကူးလမ်းနှင့် ကမာကြည်လမ်းထောင့်၊ သုဝဏ္ဏ/၃၀ ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ(၂)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-၂၆၀၆၀၉၂၇၂၊ ၀၉-၇၇၇၇၇၃၈၃၉

## မွေးသက္ကရာဇ်အမှန်

ပြင်ဦးလွင်မြို့၊ အထက(၁)၊ Grade-12 မှ (ဘ) ဦးမြင့်ဦး ၉/ပသက(နိုင်)၀၀၁၁၃၈၏ သမီး မနှင်းရွှေရည်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၁၁-၂၀၀၅ ဖြစ်ပါသည်။

၂၄-၁၁-၂၀၀၅

## မွေးသက္ကရာဇ်အမှန်

ဦးဖြိုးမောင် ၅/ကလထ(နိုင်) ၀၃၀၄၁၉၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အမှတ်(၆)၊ အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ မသန်းသန်းစိုး ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၄-၂၀၀၇ ဖြစ်ပါကြောင်း။

**မသန်းသန်းစိုး**

## မိခင်အမည်မှန်

တနင်္သာရီမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ Grade-7မှ မချယ်လီလင်း၏ မိခင်အမည်မှန်မှာ ဒေါ်မူမူရွှေ ၆/တသရ(နိုင်) ၀၂၃၄၂၇ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက(၁၃)၊ Grade-8(B)မှ (ဘ)ဦးထွန်းထွန်းနိုင် ၁၂/မဘန(နိုင်) ၀၈၅၈၁၉၏သမီး မချယ်ရီထွန်းနိုင်အား မချယ်ရီထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မချယ်ရီထက်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၆၉၈၇၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းငွေ ၁၀/မဒန(နိုင်)၁၀၃၆၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၆၆၇၂၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းငွေ ၁၀/မဒန(နိုင်)၁၀၃၆၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆စယ/၆၁၀၇၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းငွေ ၁၀/မဒန(နိုင်)၁၀၃၆၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မူဆယ်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၁

ဒေါ်နန်းခမ်းမွန်(ခ)မအားဖိန်း **နှင့်** ဦးပြည့်ဖြိုးအောင်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရေချမ်းစုရပ်ကွက်၊ လမ်းသွယ်(၂)နေ တရားပြိုင် ဦးပြည့်ဖြိုးအောင် (ဘ) ဦးညွန့်ဝေ (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကုန်ဖိုးရင်းနီးငွေကျပ် ၁၆၁၄၁၀၀၀၀ (ကျပ်သိန်းတစ်ထောင့် ခြောက်ရာတစ်ဆယ့်လေးသိန်းတစ်သောင်းတိတိ)နှင့် (၁၄)လစာအတွက် လစဉ်အမြတ်ငွေ ၂၁၀၀၀၀၀၀- (ကျပ်သိန်း နှစ်ရာ့တစ်ဆယ်တိတိ)၊ စုစုပေါင်းငွေကျပ် ၁၈၂၄၁၀၀၀၀/-(ကျပ်သိန်းတစ်ထောင့်ရှစ်ရာနှစ်ဆယ့်လေးသိန်းတစ်သောင်းတိတိ)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ် စက်တင်ဘာလ ၁၄ ရက် (၁၃၈၅ခုနှစ် ဝါခေါင်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သောအထောက်အထား စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းထိုက်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မူဆယ်ခရိုင်တရားရုံး**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၂၈၃)
## ညောင်ဦးခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၉

**ကွယ်လွန်သူ ဦးသိန်းညွန့်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဦးနိုင်နိုင်ထွန်း(ဘ)ဦးသိန်းညွန့် **လျှောက်ထားသူ**
ဝက်ကြီးအင်းရပ်၊ အမှတ်(၇)ရပ်ကွက်၊
ညောင်ဦးမြို့

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ ဝက်ကြီးအင်းရပ်တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဖခင်ဦးသိန်းညွန့်၏ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးနိုင်နိုင်ထွန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၅ ရက်(၁၃၈၅ ခုနှစ် တော်သလင်းလဆန်း ၁၁ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဖခင် ဦးသိန်းညွန့်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူဟူသမျှတို့သည် အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် )ဤရုံးတော်သို့ အထက်ပါအမှုကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၅ ရက်(၁၃၈၅ ခုနှစ် တော်သလင်းလဆန်း ၁၁ ရက်) တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအား ဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန် နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးနိုင်နိုင်ထွန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာနွယ်)**
**ခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၃-ရပ်ကွက်၊ မြသိင်္ဂါလမ်း၊ အမှတ်(၃) ဟုခေါ်တွင်သော (၂-ခန်း) တွဲ (၆-ထပ်)တိုက်၏ တတိယထပ်၊ ( 3/B )၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း ( ၁၂ပေခွဲ x ၅၀ပေ )ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၂၀၁၆-ခုနှစ် ဇွန်လ ၉ ရက်တွင် ပြုလုပ်ချုပ်ဆိုခဲ့သော " အခန်းပျောက် အရောင်းအဝယ်ကတိစာချုပ် "ဖြင့် ဒေါ်ဝင်းဝင်းမော် ၁၂/ကမတ(နိုင်)၀၂၀၈၃၂ မှ ဝယ်ယူပိုင်ဆိုင်ထားသည့် တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဒေါ်ဝင်းဝင်းမော် ၁၂/ကမတ(နိုင်)၀၂၀၈၃၂မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေ ဦးစိန်လင်း ၅/တဆန(နိုင်)၁၂၅၇၈၆ မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းယုယုအောင် (LL.B, D.B.L, D.I.L) ဒေါ်ခင်လေးမွန် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၉၆၅) အထက်တန်းရှေ့နေ (စဉ်-၅၁၆၈၂)**
**အမှတ် (N1)၊ အခန်း (၃၀၃)၊ မင်းရဲကျော်စွာအိမ်ရာ၊ လေးထောင့်ကန်လမ်း၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၇၇၇၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉**

## ဖခင်အမည်မှန်

ဖျာပုံမြို့နယ်၊ အထက(၂) ကေဒသမတန်း(A)မှ မနှင်းနန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးလှမျိုး ၁၄/ဖပန(နိုင်) ၁၀၅၃၅၀ ဖြစ်ပါကြောင်း။

**ဦးလှမျိုး**
**၁၄/ဖပန(နိုင်) ၁၀၅၃၅၀**

## မိခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက (သက္ကယ်ပြင်သံ) Grade-12မှ မောင်နိုင်လင်းအောင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်လေးခင် ၁၄/အဂပ(နိုင်)၁၆၂၉၄၉ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ပ-၃)၊ ဦးပိုင်အမှတ်(၉၂)၊ ၄၂လမ်း မျက်နှာပြု၊ ၆၀x၆၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အားရှောင်း ၁၃/ကတန(နိုင်)၀၈၁၈၇၁၏ (SP ရသူ ဒေါ်ရန်ဆိုက်ရှီး(ခ)ရန်ဆိုက်ရှူး)က အမည်ပေါက်သူ ဒေါ်အားရှောင်း၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ၄င်းရှာမရ၍ မရကြောင်းတင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၇၁၅/၂၀၂၃-၂၀၂၄)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉(စိုက်/မွေး)၊ မြေကွက်အမှတ် (၁၃၄)၊ ဘုရင့်နောင်လမ်း၊ အကျယ်အဝန်း ပေ(၆၀x၆၀)ရှိ ဗိုလ်ကြီးအုန်းရွှေ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးအေးနိုင် ၈/မထန(နိုင်)၀၀၅၄၇၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသကို ပေးချေ ခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉ -၇၉၅၆ ၈၃၃၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်(၄၆)၊ (၂၀)ရပ်ကွက်၊ မြောင်းမြ(၇)လမ်း၊ မြေကွက်အမှတ်(၂၇၈)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိသော ခြံမြေကွက်အနက် အကျယ်အဝန်းပေ(၂၀x၆၀)ရှိသော ခြံမြေကွက်အား တရားဝင် ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ခင်ခင်မြင့် ၁၂/လမန(နိုင်)၁၀၅၄၆၆ထံမှ ဗိုလ်ကြီးအောင်သီဟ အမည်ပေါက် မြေချပါမစ်မူရင်း/မိတ္တူနှင့်အတူ ဆက်စပ်စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချိုဝင်းမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၃၀၉၃၃၅၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈(စိုက်/မွေး)၊ မြေကွက်အမှတ်(၉)၊ ဘုရင့်နောင်လမ်း၊ အကျယ်အဝန်း ပေ(၆၀x၆၀)ရှိ ဦးရင်မောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်မိုးမိုးရည် ၁၂/ဒဂရ(နိုင်)၀၁၉၀၀၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ် စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၃၅-ဘ/၈)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်တင်တင်သန်း ၉/မမန(နိုင်) ၀၃၀၀၂၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ဟသ်ာတမြို့နယ်၊ ချောင်းဖျားကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၄၃၈)၊ ချောင်းဖျားကွင်း၊ ဦးပိုင်အမှတ်(၁ဓ) ဧရိယာ(၀ဒသမ၂၉၀)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်(၁ဃ) (ခ) အနောက်လားသော် - ဦးပိုင်(၁ဇ)
(ဂ) တောင်လားသော်- အင်္ဂပူလမ်း၊ (ဃ) မြောက်လားသော် - ချောင်းဖျားရိုး

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးမင်းမင်းထွန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လပ်မှတ်ရေးထိုးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု မရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ဟသ်ာတမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/2310 LK Light Truck (4x2)RHD ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့မအိုးဘိုရပ်၊ ၆လမ်းနေ (ဘ) ဦးလှမျိုးအောင်၏သမီး ကျွန်မ မယဉ်လဲ့ဝါ ၈/မကန(နိုင်)၁၂၄၅၈၁ ၏ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MB -340454) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၃၄၃၇၄၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃/ချမ်းအေးအရှေ့)၊ ဦးပိုင်အမှတ်(၅၁ယ)၊ ဘိုးဘပိုင်မြေအမျိုးအစား၊ ဧရိယာ ၀ ဒသမ ၀၄၅ဧကရှိ အိမ်ဝိုင်းခြံမြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ဥမ္မာဝင်း ၉/ပမန(နိုင်) ၀၀၁၈၅၁ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ပိုင်ရှင်ဖြစ်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းကျော်ဦး ၉/ပမန(နိုင်) ၁၈၁၃၉၄မှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေတစ်ချို့အား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦး တစ်ယောက်မျှ မရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးညွန့်သူ (LL.B) တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၆၀၀၆)**
**အမှတ်(၈၂)၊ ရွှေနံ့သာရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၇၉၃၂၄၁၆၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၃-ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ တိုက်အမှတ်(၁၉/၄) ဟုခေါ်တွင်သော အမှတ်(စီဘီ/၅)၊ စတုတ္ထထပ်(၅-လွှာ)၊ အကျယ်အဝန်း (၁၂ပေx၄၈ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၂၀၂၃ခုနှစ် ဇူလိုင်လ ၉ရက်တွင် ပြုလုပ်ချုပ်ဆိုခဲ့သော နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်မြင့်နွယ်ထံမှ ဦးမင်းဆွေ ၈/ထလန(နိုင်)၀၀၀၅၂၃မှ ဝယ်ယူပိုင်ဆိုင်ထားသည့် တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးမင်းဆွေ ၈/ထလန(နိုင်)၀၀၀၅၂၃မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမြတ်မွန် ၁၂/သခန(နိုင်)၁၀၇၇၉၄မှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းယုယုအောင် (LL.B, D.B.L, D.I.L) ဒေါ်ခင်လေးမွန် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၆၅) အထက်တန်းရှေ့နေ (စဉ်-၅၁၆၈၂)**
**အမှတ် (N1)၊ အခန်း (၃၀၃)၊ မင်းရဲကျော်စွာအိမ်ရာ၊ လေးထောင့်ကန်လမ်း၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၇၇၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(RA-III/ကွင်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၇၄-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိမြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးဇော်ဆန်ဘောက်(ခ)ဦးခေါ်ဒေါင် ၉/ပဥလ(နိုင်)၀၄၃၉၅၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(RA-III/ကွင်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၇၅-စ)၊ မြေဧရိယာ ၀ ဒသမ ၁၄ ဧကရှိမြေကွက်အား မြေငှားဂရန်(ကျန်အပိုင်း၊ အမည်ပြောင်းသက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးလော်လင်ယုံ ၁၃/လကန(နိုင်)၀၀၆၃၅၉နှင့် ဒေါ်လီဝင်မင်း ၁၃/ကကန(နိုင်)၀၀၁၃၇၁တို့ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုဗိုလ်မှူးကြီး သန်းထွန်း(ငြိမ်း)
## စစ်တက္ကသိုလ်အပတ်စဉ်(၁၄)
## အသက်(၇၃)နှစ်

ဒေါပုံမြို့နယ်နေ ဒေါ်မေမေထူး ၏ခင်ပွန်း ဖြစ်သူ ဒုဗိုလ်မှူးကြီး သန်းထွန်း(ငြိမ်း) သည် ၂၆-၈-၂၀၂၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၁၄)မှ**
**သူငယ်ချင်းများ**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးမြင့်သိန်း
### အသက်(၈၆)နှစ်

ဗိုလ်မှူးကြီး စိုးအောင် - ဒေါ်ဆွေဆွေမြင့် တို့၏ ချစ်လှစွာသော ဖခင် ဦးမြင့်သိန်း(၈၆)နှစ် သည် ၁၆-၈-၂၀၂၃ ရက် ၁၈:၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၀) မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ဆွေ
## အသက်(၇၃)နှစ်

ပြည်သူ့လွှတ်တော်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဂျူးဂျူးဝသန်၏ ဖခင် ဦးမြင့်ဆွေ အသက်(၇၃)နှစ်သည် ၂၆-၈-၂၀၂၃ရက်တွင် (၉၆) ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**MPA 22 Batch မှ ညီအစ်ကိုမောင်နှမများ**
**မုံရွာစီးပွားရေးတက္ကသိုလ်**

### အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ကွင်းပြောင်ရပ်ကွက်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမဘေးရှိ အလျား (၈၀) ပေ x အနံ (၃၅) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ပါရှိသော သီးပင်စားပင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးစောညောစေး ၁၂/လသယ(နိုင်)၀၂၅၃၇၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဝင်းစိုး ၅/စကန (နိုင်) ၁၈၃၈၈၀ က (၂၅-၈-၂၀၂၃) ရက်နေ့တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။ ထို့ကြောင့် အဆိုပါ မြေကွက်၏ တရားဝင်ပိုင်ရှင်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဝင်းစိုးဖြစ်ပါကြောင်းနှင့် ဦးသန်းဝင်းစိုး၏ သဘောတူခွင့်ပြုချက်မရှိဘဲ ယင်းမြေကွက်အား မည်သူမျှလွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း အပါအဝင် ကျူးကျော်ဝင်ရောက်ခြင်း လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ချစ်စုဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၄၇၈)**
**အမှတ် (က/၂၇)၊ အောင်ချမ်းသာလမ်း၊ သန္တေပင်မြောက်ပိုင်း၊**
**မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ -၂၅၁၉၃၂၅၄၄**

### မိခင်အမည်မှန်

မကွေးတိုင်း ဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ အထက (ခွဲ)ပက်ပယ် Grade-12မှ မအိအိချော၏ မိခင် ဒေါ်တင်မိ၏ အမည်မှန်မှာ ဒေါ်တင်တင်မြ ၈/မဘန(နိုင်၀၅၈၈၅၇ ဖြစ်ပါကြောင်း။

**ဒေါ်တင်တင်မြ**

### အမည်မှန်

ဦးထွန်းဦး၏ သား မောင်ဟိဏ်းထက်နိုင်၏ အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ မောင်ဟိန်းထက်နိုင် ၁၃/လရန(နိုင်)၁၄၁၃၁၀ ဖြစ်ပါကြောင်း။

**မောင်ဟိန်းထက်နိုင်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

၁။ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန၊ မန်ဆူကားဝင်းအတွင်းရှိ ဆိုင်ခန်းအမှတ်(A-၅၀)အား အမည်ပေါက်ပိုင်ဆိုင်သူ လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ(၁၁)နေ ဒေါ်နန်းမြင့်မြင့်ဌေး (၁၃/နမတ(နိုင်)၀၁၅၇၀၈)ထံမှ နောင်ချိုမြို့၊ ဘူတာရပ်နေ ဦးညွန့်ရွှေ (၁၃/နခတ(နိုင်)၀၀၅၀၆၈) မှ ဝယ်ယူပြီးဖြစ်ပါ၍ ဆိုင်ခန်းအခွန်ထမ်းအမည် ပြောင်းလဲခွင့်ပြုပါရန် ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ဤရုံးသို့ တင်ပြလျှောက်ထားလာပါသည်။

၂။ အထက်ပါ ဆိုင်ခန်းအခွန်ထမ်းအမည်ပြောင်းလဲခြင်းကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာ ပါရှိသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက် အထားများနှင့်အတူ လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနသို့ ကန့်ကွက်လွှာ လာရောက်တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားလာသည့်အတိုင်း အခွန်ထမ်းအမည် ပြောင်းလဲခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ရှိန်
#### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
#### မြန်မာနိုင်ငံစာရင်းကောင်စီအဖွဲ့ဝင်
#### အမှုဆောင်အရာရှိချုပ်၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
#### အသက် (၈၂) နှစ်

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးတင်ရှိန်သည် ၂၇-၈-၂၀၂၃ ရက် (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း**

## ဒေါ်ခင်မဦး
## အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ အမှတ်(၁၇၃/B)နေ (ဦးနီ)၊ (ဒေါ်ခင်မမ)တို့၏သမီး၊ ဦးအောင်ကျော်မြင့်၊ ဒေါ်စန်းစန်းဦး(ပန်းအလှပြင်)၊ ဦးကျော်မျိုးလင်း-ဒေါက်တာဒေါ်ကြူကြူခင်တို့၏ ချစ်လှစွာသောမိခင်၊ သီရိမြင့်၊ သက်ဦးမြင့်၊ သက်နှင်းမြင့်၊ ကောင်းထက်လင်း၊ စောထီးပွဲတို့၏ ချစ်လှစွာသောအဘွား၊ (ဦးဘတုတ်)(လယ်-စိုက်-ရှင်း)၏ ချစ်လှစွာသောဇနီးသည် ၂၇-၈-၂၀၂၃ရက် (တနင်္ဂနွေနေ့) ညနေ ၃:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၂၃ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂၈၊ မြေကွက်အမှတ် -၄၁၆၊ ဦးထွန်းလှိုင်( ISN-၅၁၀၁၈၉) အမည်ပေါက်၊ အကျယ်(၄၀ပေx၆၀ပေ) ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်များဖြင့် တရားဝင်ဝယ်ယူ လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်နန်းညွန့်မေ ၁၃/တကန(နိုင်)၀၈၅၇၀၀၊ အမှတ်-၃၁၆၊ အောင်ဆန်းသူရိယလှသောင်းလမ်း၊ (၄၇) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နေသူမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၃၀၈၈)**
**ဖုန်း-၀၉- ၄၂၁၁၁၄၈၈၃၊ ၀၉-၉၆၃၁၂၂၅၆၅**
**အမှတ်-၁၂၀၈၊ မဏိစန္ဒာလမ်း၊ ၆၉- ရပ်ကွက် ၊ ဒဂုံမြို့ သစ်(ဆိပ်ကမ်း)မြို့နယ်။**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၉၃)၊ မြေကွက် တည်နေရာ အမှတ် (၉၃)၊ ဗိုလ်တေဇလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်နုနုရီ)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မြေအား (၁၂/ဥကတ(နိုင်)၀၃၈၇၆၀) အမည်ပေါက် ဒေါ်နုနုရီ (မိခင်)နှင့် ဦးတင်ထွန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သား/သမီးများဖြစ်သော (၁)ဒေါ်ဥမ္မာထွန်း၁၂/ဥကတ (နိုင်)၀၃၆၈၇၈၊ (၂)ဦးနေလင်းထွန်း(၁၂/ဥကတ (နိုင်)၀၃၅၆၄၂) တို့မှ မိမိတို့ မောင်နှမ(၂)ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း မိမိတို့မှလွဲ၍ အခြားသောမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမ သား/သမီး မွေးစားထားခြင်းလည်းမရှိပါကြောင်း၊ မိမိတို့သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (မိခင်)ဒေါ်နုနုရီ၏ သေဆုံးမှုလက်မှတ်၊ (ဖခင်)ဦးတင်ထွန်း၏ သေဆုံးမှု လက်မှတ်၊ ဂရန်၊ နိုင်၊ ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ဆေးရိုးတန်းနှင့် ငြိမ်းချမ်းရေးရပ်ကွက်၊ အလယ်လမ်း၊ (ကြည့်မြင်တိုင်ကမ်းနားလမ်းသွယ်)၊ တိုက်အမှတ်(၁၀)၊ (၂)ခန်းတွဲ၊ RC(၆-ထပ်) အဆောက်အအုံ၏(မြေညီထပ်)+(ထပ်ခိုး)၊ တိုက်မျက်နှာမူလျှင်-ညာဘက်ခန်း)၊ ဧရိယာ(၆၅၅ဒသမ၅) စတုရန်းပေအကျယ် တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးစိုးသီဟလွင် ၁၂/ကမတ(နိုင်)၀၇၂၁၇၅မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးကိုကိုလွင်၁၂/ကမတ(နိုင်) ၀၆၈၂၇၆၊ ဒေါ်နှင်းလဲ့ဖြူ ၁၂/ကမတ (နိုင်)၀၆၄၂၆၀တို့ကလည်း ဝယ်ယူရန်အတွက်တိုက်ခန်း၏ ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက် အတွင်း ကျွန်ုပ်ထံ သို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ပန်းမွှေး |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၁၆၃၉၇/၂၀၁၉) |

**တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉ - ၇၉၅၅၃၄၇၅၃ ၊ ၀၉ - ၇၅၀၃၉၈၄၀၆**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါက်တာ ဒေါ်သန်းသန်းဌေး(ခ)မသန်းမြင့်
## အသက်(၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အုတ်ဖိုစုရပ်၊ အမှတ်(၇)ဝိဇ္ဇာလမ်းနေ [Mr. K.C. Kannan-ဒေါ်ကြည်]တို့၏သမီး၊ ဦးကျော်မြင့်(ညွှန်ကြားရေးမှူး-ငွေ၊ ငြိမ်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း)၏ဇနီး၊ [ဦးစိုးမြင့် (USA)-ဒေါ်နှင်းဆီ]၊ (ဦးမောင်မောင်မြင့် (ခ)ကိုတူး)-ဒေါ်မြင့်မြင့်ဆွေ၊ (ဦးအောင်မြင့်(ခ)ကိုညီ)-ဒေါ်တိုးတိုးအောင်၊ အကယ်ဒမီ(အသံ)ဦးအေးမြင့်(ဌာနခွဲမှူး-ငြိမ်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း)တို့၏အစ်မ၊ တူ၊ တူမ(၉) ယောက်တို့၏အဒေါ်၊ (ဦးသူရ)၊ ဒေါ်သင်းသင်း၊ ဦးမြတ်သူ-ဒေါ်သီတာခိုင်တို့၏မိခင်၊ မယမင်းရတနာဦး၊ မထားအိရွှေရည်၊ မမေသူခိုင်တို့၏ အဘွားသည် ၂၇-၈-၂၀၂၃ရက် ည ၉:၅၀နာရီတွင် နှလုံးရောဂါဖြင့် ရန်ကုန်မြို့ ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၂၃ရက် မွန်းလွဲ ၂နာရီတွင် သန်လျင်၊ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၂၃ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သန်လျင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးသန်း
## အသက် (၇၅) နှစ်

ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ပါရဂူ ဒေါက်တာ ခန့်မောင်မောင်ချို၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အေးသန်း အသက် (၇၅)နှစ်သည် ၂၃-၈-၂၀၂၃ ရက် ည ၁၀ နာရီ ၅၀ မိနစ်အချိန်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲကြရပါသည်။

**တပ်မတော်ဆေးတပ်ဖွဲ့**
**ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ပါရဂူများ**

### ဦးသီဟလင်း
### အသက်(၅၈)နှစ်

ရန်ကုန်မြို့နေ ဦးသန်းနိုင်-ဒေါ်ဥမ္မာလင်း၊ ဦးသူရလင်း-ဒေါ်မိငယ်၊ ဦးအောင်ပြည့်စိုးသိန်း-ဒေါ်မအေးဖြူမြင့်တို့၏ အစ်ကို၊ မန္တလေးမြို့နေ ဦးဝင်းထွန်း-ဒေါ်နန်းခင်မေ၊ ဦးအောင်မြတ်သူ-ဒေါ်နန်းသန်းမေ၊ ဦးအောင်မြတ်ဦး-ဒေါ်နန်းရွှေမေတို့၏ အစ်ကို၊ ဦးနေလင်း-ဒေါ်သိန်းတို့၏သား၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၃(A)လမ်း၊ ၁၀၆လမ်းနှင့် ၁၀၆(A)လမ်းကြားနေ ဒေါ်နန်းညွန့်မေ၏ ခင်ပွန်း၊ မနှင်းပွင့်ရတီ၏ ဖခင်သည် ၂၈-၈-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် တောင်အင်း၊ မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### မောင်ဇော်လွင်ဦးနှင့် အများသိစေရန်ကြေညာခြင်း

ဒေါ်ဖြူဖြူဝင်း ၉/ မရတ ( နိုင် ) ၀၉၆၀၇၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ မောင်ဇော်လွင်ဦးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။ မောင်ဇော်လွင်ဦးသည် မိခင်ဖြစ်သူအား ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းဖြစ်စေရန် အကြိမ်များစွာပြုလုပ်ဆောင်ရွက်ပါသောကြောင့် ယနေ့မှစ၍ မောင်ဇော်လွင်ဦးအား သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို ဒေါ်ဖြူဖြူဝင်းနှင့် ပတ်သက်စပ်ဆိုင်မှုမရှိပါကြောင်း၊ တာဝန်မယူပါကြောင်း မောင်ဇော်လွင်ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဒေါ်ပြည့်ပြည့်အောင် ( LL.B) | ဒေါ်နန်းစန်းမေ ( LL.B ) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်(၁၀၇၅၂) | စဉ်( ၅၄၉၀၄) |

**အမှတ် -၀တ/၃၀၇ ၊ မြသပိတ်လမ်း၊ ကျောင်းကြီးစုရပ်ကွက်၊**
**တောင်ကြီးမြို့**

### အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၄၄၆)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးစောမောင် (TKA-021140) အမည်ပေါက်မြေချပါမစ်မြေကွက်အား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စိုးစိုးနွယ် ၁၄/ပတန (နိုင်) ၁၁၄၆၀၂ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်အိသဲဖြူ ၁၂/ဒဂတ (နိုင်) ၀၇၉၂၆၆နှင့် ဒေါ်အေးမို့မို့ဖြူ ၁၂/ဒဂတ (နိုင်) ၁၀၄၇၂၁တို့က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေချပါမစ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)   ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

### အမည်မှန်

ဦးဖြိုးမင်းထွန်း-ဒေါ်မွန်မွန်ချိုတို့၏သမီး ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အောင်အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-7မှ မရွှန်းမြတ်စန္ဒီ၏ အမည်မှန်မှာ မယွန်းအိအိဖြိုး ဖြစ်ပါကြောင်း။

### ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၈-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၃) ဒေါ်ဝေဖြိုးအောင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅) ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် Unit-1အား Unit-I ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ဖောင်းကြွပျောက်
### လျှောက်ထားခြင်း

ယာဉ်အမှတ် 39W/81485 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်
### မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/42604, HONDA WAVE 100 ယာဉ်လက်ဝယ်ရှိသူ N.C.X MYANMAR CO.,LTD က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

❖ စည်းကမ်းဟူသည် တူညီသည့် သွင်ပြင်လက္ခဏာ၊ နေထိုင် လှုပ်ရှားမှုများ ရရှိရန် ကန့်သတ်ထားမှုများဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ပြုလုပ်သော ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## စက်တင်ဘာလအတွင်း အားအသင့်အတင့်မှ အားကောင်းသောအယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် သြဂုတ် ၂၈

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်များ ခန့်မှန်းချက်အရ စက်တင်ဘာလအတွင်း အားအသင့်အတင့်မှ အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုပုံစံမှုမမှန်ခြင်း၊ အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှု မမှန်ခြင်း စသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။

မိုး/ဇလ



## မြန်မာ ယူ-၁၂ အသင်း ဂျပန်နိုင်ငံ၌ ကစားသည့် ခြေစမ်းပွဲများတွင် နိုင်ပွဲရရှိ

ရန်ကုန် သြဂုတ် ၂၈

ဂျပန်နိုင်ငံ ချီဘားမြို့တွင်ကျင်းပသည့် (၁၁) ကြိမ်မြောက် U-12 Junior World Challenge 2023 ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၁၂ အသင်းသည် ယင်းပြိုင်ပွဲအပြီး သြဂုတ် ၂၈ ရက်တွင် ဂျပန်နိုင်ငံမှ လူငယ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရာ သုံးပွဲစလုံး အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၂ ❐

## ရွှေသောင်ယံမြို့ ကမ်းခြေဝါဆိုဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပ



ရွှေသောင်ယံ သြဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့တွင် ယနေ့မွန်းတည့် ၁၂ နာရီက ကမ်းခြေဝါဆိုဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပရာ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ကစားကြမည့် အသင်းသားများ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ ဒိုင်လူကြီးများ၊ အရန်ဒိုင်များနှင့် ပရိသတ်များ စည်ကားစွာ ဖွင့်လှစ်ခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၆ ❖

## ယနေ့ သတင်းအညွှန်း

### အရေးပေါ် မြေအောက်တိမ်းရှောင်ရေးစခန်းများ ဆောက်လုပ်ရန် ဂျပန်စီစဉ်နေ



နိုင်ငံတကာသတင်း စာ ၁၃

### အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

ပြည်တွင်းသတင်း စာ ၁၅

## တစ်ယောက်လျော့ လီဗာပူးက နယူးကာဆယ်ကို အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၃) မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ်ဖြစ်သည့် နယူးကာဆယ်နှင့် လီဗာပူးအသင်းတို့ ပွဲစဉ်တွင် တစ်ယောက်လျော့ လီဗာပူးအသင်းက အကြိတ်အနယ် ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်ကို သြဂုတ် ၂၇ ရက် ည ၁၀ နာရီက နယူးကာဆယ်အိမ်ကွင်း၌ လက်ခံ

စာမျက်နှာ ၁၁ ကော်လံ ၄ ◆

